သိပ္ပဉ္စ ဧတံ မင်္ဂလ မုတ္တမံ၊ လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ မတ် ၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၅၇)

ယနေ့ထုတ်
စာမျက်နှာ
၂၀၀၁၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် ဘွဲ့ခံဆရာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် မတ် ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ခမ်းမှာရုံ၌ ကျင်းပသည်။

တက်ရောက်ကြသည့်ညီ

ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ *စာမျက်နှာ ၈ ကော်လံ ၅* ▼

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၅ ရက်)

တပေါင်းလပြည့်နေ့ထူးနေ့မြတ်အခါသမယတွင် ကုသိုလ်ကောင်းမှုပြု၍ ကောင်းကျိုးအဖြာဖြာခံစား

၁၃၆၅ ခုနှစ် တပေါင်းလပြည့် (ယနေ့)သည်ကား ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ် ဖြစ်သည်။

တပေါင်းလသည် မအေးလွန်း မပူလွန်းသော ကာလဖြစ်သည်။ မြောက်ပြန်လေကြွင်းနှင့် ဆီးနှင်းတို့ မကုန်တတ်သေးဘဲ မင်းလွင်မြူခိုးတို့ ရစ်သိုင်းနေသည့် နွေဦးအစကာလ တပေါင်းလသည် သာယာကြည်နူးဖွယ်ကောင်းသည့် အခါသမယ ဖြစ်သည်။

ဤလတွင် အင်ကြင်းပန်း၊ သရဖီပန်းနှင့် လက်ပံပွင့်များပွင့်ကြသည်။ ငါးအရုပ်ဖြင့် သရုပ်ပြသော မိန်ရာသီဖြစ်သည်။

တပေါင်းလ၏ ရာသီပွဲတော်သည် သဲပုံစေတီပွဲဖြစ်သည်။ ရှေးအခါက သဲသောင်ပြင်များတွင် သဲများကိုစုပုံ၍ စေတီအသွင်ပြုကာ သဗ္ဗညုတမြတ်စွာဘုရားအား ရည်မှန်းကော်ရော် ပူဇော်ပွဲကျင်းပလေ့ရှိကြသည်။ ယင်းကိုအကြောင်းပြု၍ တပေါင်းလပြည့်နေ့တွင် သဲပုံစေတီများ တည်ထားကိုးကွယ်ကြကြောင်း မှတ်သားရသည်။

မျက်မှောက်ကာလတွင် စေတီ ပုထိုးများ၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပကြသည်။ ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူအပေါင်းသည် စေတနာ သဒ္ဓါတရား ထက်သန်ကြသည်ဖြစ်ရာ အလှူရေစက်လက်နှင့်မကွာ ကုသိုလ်ကောင်းမှု ဒါနပြုခြင်း၊ ဘုရား၊ ကျောင်း၊ ကန်များ၌ ဒါန၊ သီလဆောက်တည် ပွားများခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သာသနာတော်တည်တံ့ပြန့်ပွားထွန်းကားစေရန် သာသနာတော်ဆိုင်ရာ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ပူဇာစ၊ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏ဟူသော (၃၈)ဖြာ မင်္ဂလာတရားတော်နှင့်အညီ သာသနာတော်၌ ပရိယတ်၊ ပဋိပတ်တာဝန်ကို ကြိုးပမ်းထမ်းဆောင်လျက်ရှိကြသော ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ဆက်ကပ်လှူဒါန်းပူဇော်လေ့ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သာသနာတော်မြတ်ကြီးတွင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ဟူသည့် ကောင်းမြတ်သည့် အကျင့်သိက္ခာတို့နှင့် ပြည့်စုံတင့်တယ်စေရန်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့အား အကျင့်တရား၊ အသိတရားများတိုးပွား၍ မင်္ဂဖိုလ်နိဗ္ဗာန်တည်းဟူသော ကောင်းကျိုးချမ်းသာကို ရရှိနိုင်စေရန် ရည်သန်၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး သာသနာတော်မြတ်ကြီးအား ချီးမြှောက် ထောက်ပံ့လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားပြည်သူအပေါင်းတို့သည် မြတ်ဗုဒ္ဓ၏ အဆုံးအမတရားများနှင့်အညီ ဒါနသီလ ဘာဝနာတရားများ ကျင့်ကြံပွားများအားထုတ်ခြင်းဖြင့် "ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း"ဟူသော လောကသာရပျို့လာ ဆုံးမစကားနှင့်အညီ ကုသိုလ်ကောင်းမှုပြုခြင်းဖြင့် တပေါင်းလပြည့်အခါသမယ၌ ကောင်းကျိုးချမ်းသာ အဖြာဖြာကို ရရှိခံစားနိုင်ကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မတ် ၄

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ဇောတိရိပ်သာကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရတော်မူသော ဒုတိယပဓာန နာယကမြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်း သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝါယမ အရှင်သူမြတ်အား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီး တပည့်ဒါယကာဒါယိကာမအပေါင်းတို့ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်းသိရသည်။ (၀၄၀)

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်		ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန
(က)	ဦးအောင်မျိုး	ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
(ခ)	ဦးပိုမြင့်	ပါမောက္ခချုပ် မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန

အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း သဃ်န်းကျွန်းမြို့နယ် ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ချီးမြှင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ဦးသန်းအောင်-ဒေါ်စန်းစန်းမော် မိသားစုက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးထံ အလှူငွေများပေးအပ်စဉ်။ (က-ပ)

မြတ်ဆရာပူဇော်ပွဲ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် မတ် ၄

၁၉၈၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ် အတွင်း အထက(၄) အင်းစိန်၌ ပညာသင်ကြားခဲ့ကြသော ဆရာ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၄) အင်းစိန် ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့နိုင်ရန်နှင့် အလှူငွေများကို ဖုန်း-၀၉-၅၀၁၆၇၃၂၊ ၀၉-၈၀၂၄၄၈၉၊ ၆၄၃၇၃၄၊ ၆၄၀၂၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း မြတ်ဆရာပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၀၄
(သောကြာနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ နားဝင်ငြိမ့်စီးသီချင်းကြိုး
၄:၂၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The purpose of Accounting in double entry book-keeping (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"** (အပိုင်း-၁၁)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး"** (အပိုင်း-၃၄)
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မတ် ၃ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသော ကျန်းမာရေးအကြောင်း သိကောင်းစရာ ဟောပြောပွဲကို အသင်းရုံး၌ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ဒေါက်တာ ဒေါ်မီမီလှိုင် ကျန်းမာရေးအကြောင်း ဟောပြောစဉ်။ (က-ပ)

အနာဂတ်နိုင်ငံတော်ကိုထူထောင်စောင့်ရှောက်မည့်မျိုးဆက်သစ်များ ကမ္ဘာကိုရင်ပေါင်တန်းနိုင်ရေးစေတနာထား လိုအပ်သောအခြေခံများထူထောင်ပြီးဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေးမျှော်မှန်းချက် ဆက်လက်ကြိုးပမ်း

❒ *ကျောဖုံးမှ*

မွန်ပြည်နယ် ရေးမြို့သို့ ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်းခန်းမဆောင်၌ ရေးမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ပဏာမအမှာစကား ပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ရေးမြို့သည် ယခင်က ကားလမ်းဆုံးသည့်မြို့၊ ရထားလမ်းဆုံးသည့်မြို့ဖြစ်ခဲ့ကြောင်း၊ ယခုအခါ ထားဝယ်-မြိတ်၊ ထိုမှတစ်ဆင့် ကော့သောင်းမြို့အထိ ကားလမ်းပေါက်သွားပြီဖြစ်သည့်အပြင် ထားဝယ်-မြိတ်ရထားလမ်းပေါက်သည့်အတွက် ခရီးလမ်းဆုံးမြို့မဟုတ်တော့ကြောင်း၊ တနင်္သာရီတိုင်းတစ်ခုလုံးက ကျောထောက်နောက်ခံပြုထားသည့် တံခါးဝဖြစ်လာပြီဖြစ်၍ နောင်တွင်ရေးမြို့သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း။

ရေးမြို့သည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်း ကောင်းမွန်သည့်အပြင် သားငါးလုပ်ငန်းလည်းအလားအလာ ကောင်းသဖြင့် အခြေခံကောင်းရှိသော ဒေသဖြစ်ကြောင်း၊ ဤအခြေအနေကောင်းပေါ်တွင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်အကြား လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်အောင် ထပ်ဆင့်ဆောင်ရွက်ပေးလိုက်သဖြင့် စီးပွားကုန်သွယ်မှုအရ၊ ဆက်သွယ်သွားလာမှုအရ ပိုမိုဖွံ့ဖြိုးစည်ပင်လာမှာဖြစ်ကြောင်း။

အလုပ်ကြိုးစားရန်လို

မည်သို့ပင်ဖြစ်စေ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိဒေသ၏စီးပွားရေးတော့်တင်းရေးအတွက် ဒေသခံပြည်သူများက အလုပ်ကိုကြိုးကြိုးစားစားလုပ်ကြရန်လိုကြောင်း၊ အလုပ်ကိုထိထိရောက်ရောက် အလုပ်လုပ်ကြပြီး လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်သည့် လိုအပ်သောပညာတတ် လူ့အရင်းအမြစ်များလည်းပြည့်စုံမည်ဆိုလျှင် ယင်းဒေသသည် အမှန်တကယ် ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း။

ဒေသအလိုက် လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်ကလိုအပ်သော တက္ကသိုလ်၊ ကောလိပ်နှင့်စာသင်ကျောင်းများကို ထူထောင်ပေးလျက်ရှိကြောင်း၊ အလုပ်လုပ်ကြမှသာ ခေနဥစ္စာဖြစ်ထွန်းမှာဖြစ်၍ အလုပ်ကို လူတိုင်းကြိုးကြိုးစားစားလုပ်ကြရန် တိုက်တွန်းပြောကြားနေရခြင်းဖြစ်ကြောင်း၊ ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးခိုင်မာရေးတို့အတွက် အားလုံး ညီညီညွတ်ညွတ်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရေးမြို့၌ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် ကားလမ်းနှင့် ရထားလမ်းပါ ရေးမြစ်ကူးတံတားကိုလည်းကောင်း၊ ရေးမြို့ကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် မော်လမြိုင်မြို့သို့ ရောက်ရှိကြရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးလှနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မော်လမြိုင်ခရိုင်နှင့်မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင်တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်၏ အဓိကစီးပွားရေးကဏ္ဍများဖြစ်သည့် လယ်ယာ၊ စက်မှုနှင့် သားငါးကဏ္ဍများ၏ တိုးတက်မှုအခြေအနေများ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုနှင့် ဒေသဆန်ဖူလုံ ပိုလျှံမှုများ၊ ပဲမျိုးစုံ၊ ရေတတ်ကောင်းစိုက်ပျိုးနိုင်မှုအခြေအနေများ၊ ရော်ဘာစိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် တိုးချဲ့စိုက်ပျိုးရန် စီမံထားရှိမှုများ၊ စီးပွားရေးစီမံကိန်းလျာထားချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၆ ကော်လံ ၁ သို့*

လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် ရေးမြို့ နယ်မြေခံတပ်ရင်းခန်းမတွင် ရေးမြို့ ဌာနဆိုင်ရာများ၊ ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မွန်ပြည်နယ် ရေးမြို့ နယ်မြေခံတပ်ရင်းခန်းမတွင် ရေးမြို့ဌာနဆိုင်ရာများ၊ ရေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ခုခံတိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးဖြင့်တိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၄

ဘဂ္ဂဒက်၌ မိုးပျံလမ်းတစ်ခုအောက်၌ ကားမောင်းသွားစဉ် ခုခံတိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးတစ်လုံးကို ကားပေါ်သို့ တိုက်ခိုက်ခဲ့သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အပေါင်းပါတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။

ထိုသို့တိုက်ခိုက်သဖြင့် ကားများပျက်စီးသွားခဲ့ပြီး အခြားတပ်ဖွဲ့ဝင်၏ ဒဏ်ရာအခြေအနေမှာ ပြင်းထန်သည်ဟု ၎င်းအရာရှိက ပြောကြားသည်။ တိုက်ခိုက်မှုသည် အင်္ဂါနေ့နံနက်အစောပိုင်း၌ ဘဂ္ဂဒက်အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အင်္ဂါနေ့နံနက်ပိုင်း၌လည်း ဘဂ္ဂဒက် အနောက်မြောက်ဘက်တွင် ဒုံးကျည်ဖြင့်တိုက်ခိုက်မှုကြောင့် လူ ၂၇ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့သည်။

အဆက်မပြတ်ဖြစ်ပွား

မကြာမီရက်များက ဘဂ္ဂဒက်နှင့် ဘာကူဘာမြို့များတွင် ဗုံးပေါက်ကွဲမှုများအဆက်မပြတ် ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်မှုများအပေါ် အီရတ်ပြည်သူများက မကျေမနပ်ဖြစ်ကာ ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြသည်။

ခုခံတိုက်ခိုက်နေ

အီရတ်နိုင်ငံတစ်ဝန်း ခုခံတိုက်ခိုက်ရေးသမားများ၏ နည်းလမ်းမျိုးစုံဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်လျက်ရှိရာ သေဆုံးဒဏ်ရာရရှိမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိသည်။ **(အင်တာနက်)**

မတ် ၃ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်လက်နက်များရှာဖွေရေး၌ ကန်ပူးပေါင်းဆောင်ရွက်ခြင်းမရှိ ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများက မကျေမနပ်ပြောဆို

ကုလသမဂ္ဂ မတ် ၃

အမေရိကန်ပြည်ထောင်စု၏ ပူပေါင်းဆောင်ရွက်မှုမရှိခြင်းသည် အီရတ်လက်နက်များကို ရှာဖွေပြီးစီးရေး မိမိတို့၏ကြိုးပမ်းမှုများကို အနှောင့်အယှက်ပြုရာရောက်သည်ဟု ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများက အင်္ဂါနေ့၌ မကျေမနပ်ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် အီရတ်လက်နက်များကို ရှာဖွေသော အမေရိကန် လက်နက်စစ်ဆေးသူ ဒေးဗစ်ကေး၏ ရှာဖွေတွေ့ရှိချက် မိတ္တူအား ကော်မရှင်သို့ မည်သည့်အခါကမျှ မပေးခဲ့ကြောင်း ကုလသမဂ္ဂ စောင့်ကြပ်စစ်ဆေးရေး ကော်မရှင် (အန်မိုဗစ်)၏ နောက်ဆုံး သုံးလပတ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကုလသမဂ္ဂ စစ်ဆေးသူများသည် အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်ပြီး မကျူးကျော်မီ အချိန်ပိုင်း အနည်းငယ်အတွင်း လွန်ခဲ့သည့်တစ်နှစ်က အီရတ်မှ ရုပ်သိမ်းခဲ့သည်။

စစ်ပြီးဆုံးသည့်အခါ အမေရိကန်ပြည်ထောင်စုသည် ဒေးဗစ်ကေး လက်အောက်တွင် ကိုယ်ပိုင်စစ်ဆေးရေးအဖွဲ့ကို အီရတ်၌ ဖြန့်ချခဲ့ပြီး ကုလသမဂ္ဂ လက်နက်စစ်ဆေးသူများကို အီရတ်သို့ပြန်လာခွင့်ပြုရန် ငြင်းဆိုခဲ့သည်။

ဒေးဗစ်ကေး၏ လက်နက်စစ်ဆေးရေးအဖွဲ့က အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ် စွပ်စွဲပြောဆိုခဲ့သလို အီရတ်၌ ပိတ်ပင်ထားသောလက်နက်များသိုလှောင်သိမ်းဆည်းထားခြင်းမရှိကြောင်း ကောက်ချက်ချခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်စစ်ပွဲဝေဖန်သူများကို ပြန်လည်တိုက်ခိုက်ရေး အတိုက်အခံကွန်ဆာဗေးတစ်ပါတီ မထောက်ခံ၍ ဘလဲအခက်တွေ့ပြန်

လန်ဒန် မတ် ၃

အီရတ်နိုင်ငံအား စစ်ပွဲဆင်နွှဲစေခဲ့သည့် ထောက်လှမ်းရေးသတင်းနှင့်စပ်လျဉ်း၍ နှိုက်နှိုက်ချွတ်ချွတ်စုံစမ်းစစ်ဆေးမည့်ကိစ္စအား ဗြိတိန်နိုင်ငံ၏ အဓိကအတိုက်အခံပါတီက မထောက်ခံတော့သည့်အတွက် အီရတ်နှင့်ပတ်သက်သော မေးခွန်းများထုတ်မည်ဟု မျှော်လင့်ထားသည့် တိုနီဘလဲသည် တနင်္လာနေ့တွင် အသစ်တဖန် အခက်အခဲအတားအဆီးတစ်ရပ် ကြုံလိုက်ရပြန်သည်။

စုံစမ်းစစ်ဆေးမှုကို အဓိကအတိုက်အခံပါတီဖြစ်သော ကွန်ဆာဗေးတစ်ပါတီ၏ ထောက်ခံမှုမရရှိလျှင် စုံစမ်းစစ်ဆေးမှုသည် ဘလဲအား သူ၏ဝေဖန်သူများကို တိုက်ခိုက်ရန် အားမရှိသလောက် ဖြစ်စေမည်ဟု ဆိုသည်။

အကျပ်အတည်းဖြစ်

စစ်ပွဲရပ်ဆိုင်းရန် ကြိုးပမ်းသော စာရွက်စာတမ်းများ ပေါက်ကြားစေခဲ့သည့် ထောက်လှမ်းရေးစကားပြန်အပေါ် စွဲထားသောအမှုကို အစိုးရရှေ့နေများက ပိတ်သိမ်းလိုက်ပြီး ဘလဲ၏ ဝန်ကြီးဟောင်းတစ်ဦးကလည်း ဗြိတိန်နိုင်ငံသည် ကုလသမဂ္ဂကိုဖီအာနန်ကို သူလျှိုလုပ်ခဲ့ကြောင်း ပြောဆိုခဲ့သဖြင့် ဘလဲသည် ပြီးခဲ့သည့်အပတ်ထဲ၌ ပို၍ဒုက္ခအကျပ်အတည်း ဖြစ်ခဲ့ရသည်။

ငြင်းပယ်

တနင်္လာနေ့၌ ဘလဲသည် အီရတ်ကိုဆင်နွှဲသော စစ်တရားဥပဒေနှင့် ညီညွတ်မှုရှိမရှိ အစိုးရ၏ စစ်ကြိုခေတ် လျှို့ဝှက်အကြံပေးချက်ကို လူသိရှင်ကြား ကြေညာရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။

စီစဉ်ထား

စာရွက်စာတမ်းများ ပေါက်ကြားခဲ့ကြောင်း ဝန်ခံခဲ့သည့် ထောက်လှမ်းရေးစကားပြန် ကက်သရင်းဂန်းက တရားမဝင်သော စစ်ပွဲကို တားရန်အတွက် ဥပဒေကို ချိုးဖောက်ခြင်းတွင် မိမိတရားနည်းလမ်းကျကြောင်း စောတကတက်ရန် စီစဉ်ထားသည်ဟု ပြောဆိုသည်။

ထို့ပြင် အကယ်၍ မိမိအမှုကို ဆက်မည်ဆိုလျှင် အစိုးရ၏ လျှို့ဝှက်အကြံပေးချက်အား ဖော်ထုတ်ရန် မိမိတောင်းဆိုမည်ဟု ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

တရုတ်၌မူးယစ်ဆေးစွဲသူများအတွက်အထူးဌာနဖွင့်မည်

ပေကျင်း မတ် ၃

တရုတ်ပြည်တွင် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရှိသော မူးယစ်ဆေးစွဲနေသူများအတွက် ပြန်လည်ထူထောင်ရေးအထူးဌာနတစ်ခုကို ဖွင့်လှစ်မည်ဖြစ်ကြောင်း တရုတ်ပြည်သူ့လုံခြုံရေးအရာရှိတစ်ဦးက တနင်္လာနေ့တွင် ပြောသည်။

အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရှိသော မူးယစ်ဆေးစွဲသူများအတွက် ထူထောင်ပေးနိုင်ဖွယ်ရှိလျှင် အချို့နေရာများတွင် အထူးဌာနများ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြည်သူ့လုံခြုံရေး ဒုတိယဝန်ကြီး လျူအိုဖန်းက ပြောသည်။

တွန်းအားပေး

တရုတ်ပြည်တွင် ၂၀၀၄ ခုနှစ်၌ မူးယစ်ဆေးဝါးကင်းလွတ်နယ်မြေနှင့် ကျေးရွာအစီအစဉ်များအပြင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးကို ရှေ့သို့တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျူအိုက ပြောသည်။

အရေးပါ

မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်လျက်ရှိသော ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးအရင်းအမြစ်များအား ဖြိုခွင်းရေးသည် တရုတ်ပြည်တွင် ၂၀၀၄ ခုနှစ်၌ မူးယစ်ဆေးဝါးထိန်းချုပ်မှု ဆောင်ရွက်ရာတွင် အရေးပါဆဲလုပ်ငန်းများ ဖြစ်ကြောင်း လျူအိုက ပြောသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်တွင်အသေခံ ဗုံးခွဲတိုက်ခိုက်မှုများ ကုလအခန်းကဏ္ဍ ပိုမိုလိုအပ်ကြောင်းပြသ

လန်ဒန် မတ် ၃

အနောက်အုပ်စုအစိုးရအဖွဲ့များနှင့် အာရပ်နိုင်ငံအချို့သည် အီရတ်တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများကို အင်္ဂါနေ့က ပြစ်တင်ရှုတ်ချခဲ့ကြသည်။ နိုင်ငံပြိုကွဲစေရန် ကြိုးပမ်းမှုအဖြစ် ဝတ်ပြုဆုတောင်းသူများကို ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၁၄၃ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ယင်းတိုက်ခိုက်မှုအတွက် အီရတ်အုပ်ချုပ်ရေးကောင်စီက နိုင်ငံခြားသား အုပ်စုများအပေါ် အပြစ်ဖို့သည်။

ဘဂ္ဂဒက်နှင့် ကာဘာလာတွင် တိုက်ခိုက်မှုများကို ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်တို့က ပြစ်တင်ရှုတ်ချခဲ့ကြသည်။ ယခုကဲ့သို့ လူအများကို သေဆုံးစေသော ဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်ရှိ ကွဲပြားသော ဘာသာရေးအဖွဲ့အစည်းများ တစ်ဦးကိုတစ်ဦး မသင့်မြတ်အောင် ကြိုးပမ်းခြင်းဖြစ်သည်ဟု ဆိုသည်။

ဂျာမနီဝန်ကြီးချုပ် ဂါဟာ့ဒ်ရှရိုးဒါးက ယင်း ဗုံးခွဲတိုက်ခိုက်မှုများသည် ကုလသမဂ္ဂ၏အခန်းကဏ္ဍ ပိုမိုလိုအပ်ကြောင်းကို မီးမောင်းထိုးပြသော်လည်း စွမ်းဆောင်နိုင်မှုကို ဖြည်းဖြည်းချင်း အားနည်းစေကြောင်း ဘာလင်တွင် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့်ဆွေးနွေးအပြီး၌ ပြောကြားသည်။

အီရတ်နိုင်ငံတည်ငြိမ်ရေးအတွက် ဘာမဆိုလုပ်ရန် ယခုအခါ အရေးကြီးကြောင်း မိမိတို့နှစ်ဦးစလုံး ယုံကြည်သည့်ပြင် ကုလသမဂ္ဂအတွက် အထူးကဏ္ဍလိုအပ်ကြောင်းကိုလည်း မိမိတို့သဘောတူကြသည်ဟု ရှရိုးဒါးက ပြောကြားသည်။ **(အင်တာနက်)**

မတ် ၃ ရက်က မိုဆူးလ်မြို့ရှိ ရဲစခန်းတစ်ခုရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗုံးများအဆက်မပြတ်ပေါက်ကွဲနေမှု ကန့်ဆန့်ကျင်ရေးဆန္ဒပြမှုများပိုများလာ

မတ်၃ ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၅၅၀ သေဆုံး

မြန်မာ့အလင်း အီရတ်မြင်ကွင်း

အမေရိကန်တို့အား ဆန့်ကျင်ဆန္ဒပြ

မတ် ၃ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသည့် ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မတ် ၃ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့အနီး၌ ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်းငိုကြွေး

မတ် ၂ ရက်က ဘဂ္ဂဒက်မြို့ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသွားသည့် အီရတ်တစ်ဦး၏ မိသားစုဝင်များ မက်ဒီနတ်ဆေးရုံ၌ ဝမ်းနည်းငိုကြွေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၃ ရက်က ဘဂ္ဂဒက်မြို့ပြင်၌ အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချရပ်နားလျက် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေစဉ်။ (ယခုအခါ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံရေးသမားများက တိုက်ခိုက်မှုမြင့်တက်လျက် ရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

မတ် ၃ ရက်က မိုဆူးလ်မြို့ ရဲစခန်းအနီး၌ လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ အသိပညာ၊ အတတ်ပညာရှိသော လူ့အရင်းအမြစ်များပြည့်စုံနေရန်အထူးလိုအပ်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်သည့် မိမိတို့အဖွဲ့ တနင်္သာရီတိုင်းမှတစ်ဆင့် မွန်ပြည်နယ်သို့ လှည့်လည်ရောက်ရှိလာသည့် ရည်ရွယ်ချက်၊ မွန်ပြည်နယ်အပါအဝင် နိုင်ငံတော်တစ်ရပ်လုံး ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နယ်မြေဒေသများ အေးချမ်းတည်ငြိမ်လာပြီဖြစ်၍ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ စက်မှုလယ်ယာကူးပြောင်းနိုင်ရေး၊ အလေအလွင့်လျော့နည်းကျဆင်းရေး၊ ပို့ကုန်ပမာဏတိုးချဲ့ရေးစသည့် စီးပွားရေးလုပ်ငန်းများကို အလေးထားကြိုးပမ်းရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

လိုအပ်ချက်များဖြည့်ဆည်းပေးလို

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်စေလိုသည့် စေတနာ၊ ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးလိုသည့်ဆန္ဒများဖြင့် ဒေသအသီးသီးသို့ မိမိတို့ယခုကဲ့သို့ လှည့်လည်သွားလာနေခြင်းဖြစ်ကြောင်း။

ဒေသအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသခံပြည်သူများ၏ကြိုးပမ်းဆောင်ရွက်မှုအပေါ်တွင် အဓိကတည်မှီလျက်ရှိကြောင်း၊ တစ်နည်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုမှာ ဒေသခံပြည်သူများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအပိုင်းက လိုအပ်သောအားပေးမှု၊ အထောက်အကူပြုမှုများဖြင့် အခြေအနေကောင်းများကိုသာ ဖန်တီးပျိုးထောင်ပေးနိုင်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်ရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်ရန် အရေးကြီးကြောင်း၊ မရှိသည်ကို မျှော်မှန်းစိတ်ကူးယဉ်နေသည်ထက် လက်တွေ့တည်ရှိနေသည်များကိုအခြေပြု၍ တိုးတက်ဖြစ်ထွန်းအောင်မြင်အောင် ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း။

သားငါးကဏ္ဍဝင်ငွေတိုး

မွန်ပြည်နယ်သည် စိုက်ပျိုးရေးဖြစ်ထွန်းသည့် နယ်မြေဖြစ်ကြောင်း၊ စပါးကို ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်အောင်၊ အခြားဖြစ်ထွန်းနိုင်သော ရာသီသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် အားထည့်ရမှာဖြစ်သကဲ့သို့ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ရည်မှန်းချက်နှင့်အညီ နှစ်အလိုက် တိုးချဲ့စိုက်ပျိုးသွားရန် အရေးကြီးကြောင်း၊ ထို့ပြင် အလားအလာကောင်းသော သားငါးကဏ္ဍမှ ဝင်ငွေတိုးတက်ရရှိအောင် အားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။ ***စာမျက်နှာ ၇ ကော်လံ ၁***

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဆက်လက်ကြိုးပမ်း

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီးဦးစိုးသာက နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်နေမှု အခြေအနေများ၊ လူတစ်ဦးချင်းဝင်ငွေ တိုးတက်လာမှုများ၊ နိုင်ငံတော်၏ စီးပွားရေးတန်ဖိုးပမာဏ၌ မွန်ပြည်နယ်၏ ပါဝင်နေမှုအချိုးအစား၊ မွန်ပြည်နယ်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားသည်။

သံလွင်တံတား (မော်လမြိုင်) ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ သံလွင်တံတား (မော်လမြိုင်) တံတားကြီးပေါ်တွင် ကားလမ်းအတွက် သံကူကွန်ကရစ်ကြမ်းခင်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

5-3 (6).p65 1 3/24/05, 1:09 PM

စာမျက်နှာ ၆ မှ

မွန်ပြည်နယ်ရှိ သယံဇာတများကိုအခြေခံ၍ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားအောင် အားထုတ်နိုင်မှသာလျှင် မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခိုင်မာလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်းသည့် လိုအပ်သောအခြေခံများကို တည်ဆောက်ထူထောင်ပေးထားပြီးဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြား လမ်းညွှန်သည်။

မော်လမြိုင်တက္ကသိုလ်ရောက်ရှိ

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့သွားရောက်ကြရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မော်လမြိုင်တက္ကသိုလ်၊ မော်လမြိုင်ပညာရေးကောလိပ်၊ မော်လမြိုင်မြို့ အစိုးရနည်းပညာကောလိပ်၊ မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့်၊ မော်လမြိုင်ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်ယဉ်ယဉ်မြတ်၊ မော်လမြိုင်မြို့ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးဝင်းမောင်နှင့် မော်လမြိုင်မြို့ အစိုးရကွန်ပျူတာကောလိပ်တာဝန်ခံကျောင်းအုပ် ဒေါ်မွန်မွန်တို့က တက္ကသိုလ်နှင့် ကောလိပ်များ၏ သမိုင်းအကျဉ်း၊ တည်နေရာနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသောသင်တန်းများနှင့်ဘာသာရပ်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုများ၊ သင်ကြား/စီမံဝန်ထမ်းအခြေအနေများ၊ သင်ထောက်ကူပစ္စည်းရရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

နောက်ကျကျန်ရစ်ခဲ့

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် မိမိတို့နိုင်ငံ၏ ပညာရေးအဆင့်အတန်းသည် စောစောပိုင်းအခြေအနေများအရ နိုင်ငံတကာနှင့် ယှဉ်ကြည့်လိုက်ပါက များစွာနောက်ကျကျန်ရစ်ပြီးနေခဲ့ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဖွံ့ဖြိုးရေးဒေသ(၂၄)ခု၌ လိုအပ်သောတက္ကသိုလ်၊ ကောလိပ်များထူထောင်ပြီး မြို့ကြီး ပြကြီးများ၌သာ အဆင့်မြင့်ပညာ သွားရောက်သင်ကြားနေရသည့်အစား ဒေသအလိုက် အဆင့်မြင့်ပညာကို လက်လှမ်းတမီ သင်ကြားနိုင်သည့် အခွင့်အလမ်းများကို ဖော်ထုတ်ပေးခဲ့ကြောင်း၊ ဒေသအလိုက် မျှမျှတတ ပညာသင်ကြားခွင့်ရခြင်းဖြင့် ဒေသအလိုက်လိုအပ်သော လူ့အရင်းအမြစ်များဖြစ်ပေါ်လာပြီး ဒေသခံပညာတတ်များက ဒေသဖွံ့ဖြိုးရေးကို အလေးထားလုပ်ကိုင်လာနိုင်မှာ ဖြစ်ကြောင်း၊ ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြဲနိမ့်မြင့် ကွာဟနေမှုများသည်လည်း လျော့နည်းကျဆင်းသွားမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာ၌ အသိပညာ၊ အတတ်ပညာရှိသော လူ့အရင်းအမြစ်များပြည့်စုံနေရန် အထူးလိုအပ်ကြောင်း။

မိမိတို့၏ ပညာရေးဆိုင်ရာ ဆောင်ရွက်ချက်များသည် ပြည့်စုံမှု မပြည့်စုံမှုများ ရှိမည်ဖြစ်သော်လည်း နိုင်ငံတော်၏ လိုအပ်ချက်အရ မိမိတို့အကောင်းဆုံးဖြစ်ဆောင် ပြုပြင်လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း။

ကမ္ဘာ့ပညာရေးနယ်ပယ်သည် အရှိန်အဟုန်ဖြင့် မြင့်မြင့်မားမား တိုးတက်ပြောင်းလဲလာနေချိန်၌ မိမိတို့၏ပညာရေးမှာ အားနည်းချက်များစွာရှိနေ၍ မဖြစ်ကြောင်း၊ အချိန်မီသုံးသပ်၍ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိလျှင် တိုးတက်မှုမရှိဘဲ ပိုမိုနောက်ကျကျန်ရစ်သွားမှာဖြစ်ကြောင်း။

ထို့ပြင် အာဆီယံအဖွဲ့ကြီးကလည်း အဖွဲ့ဝင်နိုင်ငံအားလုံးသည် ၂၀၂၀ ပြည့်နှစ်၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်ရမည်ဆိုသည့် မျှော်မှန်းချက်ချမှတ်ထားရာ မိမိတို့နိုင်ငံ၏ ပညာရေးစနစ်ကို အမြန်ဆုံးပြုပြင်ပြောင်းလဲ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းထူထောင်နိုင်ရန် လိုအပ်လာကြောင်း။

အမြန်ဆုံးဖြည့်ဆည်း

ထို့ကြောင့် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆိုသည့် ဆောင်ပုဒ်ဖြင့် ပညာရေးစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်ဖြင့် ပြောင်းလဲမှုများလုပ်နေရခြင်းဖြစ်ကြောင်း၊ အမျိုးသား ပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းချမှတ်ပြီး လိုအပ်သောအခြေခံများကို ပြည့်စုံအောင် အမြန်ဆုံးဖြည့်ဆည်းထူထောင်ရကြောင်း။

ဆက်လက်ကြိုးပမ်း

ယခု လိုအပ်သောအခြေခံများ ထူထောင်ပြီးဖြစ်၍ အမျိုးသားပညာရည်မြင့်မားရေး မျှော်မှန်းချက်များကို မိမိတို့ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ကြရမှာ ဖြစ်ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာ၌ အရည်အချင်းပြည့်မီသော ဆရာများက ခေတ်မီသင်ရိုးညွှန်းတမ်းများနှင့်အညီ ခေတ်မီသင်ကြားမှု အထောက်အကူပြုပစ္စည်းများကို အသုံးပြုပြီး အဆင့်မြင့်မြင့် သင်ကြားသွားနိုင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို စေတနာဖြူစင်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနေမှာဖြစ်သကဲ့သို့ ဆရာ ဆရာမများကလည်း မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်မားသည်ထက်မြင့်မားနေအောင် အမြဲမပြတ်လေ့လာဆည်းပူးနေပြီး တပည့်များကို တကယ်တတ်အောင်၊ တကယ်တော်အောင် သင်ကြားပေးရန် လိုအပ်ကြောင်း။

စေတနာထား သင်ကြား

အနာဂတ်ကာလ နိုင်ငံတော်ကို ထူထောင်စောင့်ရှောက်မည့် မိမိတို့ မျိုးဆက်သစ်များသည် ကမ္ဘာကို ရင်ပေါင်တန်းနိုင်သည့် မျိုးဆက်သစ်များ ဖြစ်နေအောင် စေတနာထား သင်ကြားပေးကြရန် တိုက်တွန်းကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့် ဘွဲ့နှင်းသဘင်ခန်းမ ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်နှင့် အင်ဂျင်နီယာမှူးများ၊ အင်ဂျင်နီယာများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ဝန်ကြီးဗိုလ်ချုပ်စောထွန်းက သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းများ၊ ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

သတ်မှတ်ချိန်ပြီးရေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခုတည်ဆောက်နေသော မော်လမြိုင်တံတားကြီးသည် နိုင်ငံတော်၌ အရှည်ဆုံး၊ အကြီးမားဆုံးတံတားကြီးဖြစ်၍ နိုင်ငံတော်အတွက် ဂုဏ်ယူရမည့် တံတားကြီးဖြစ်သကဲ့သို့ မော်လမြိုင်မြို့အတွက် ကျက်သရေဆောင်တံတားကြီးလည်းဖြစ်ကြောင်း၊ တံတားကြီးကို အရည်အသွေးအဆင့်အတန်းမီမီ သတ်မှတ်ချိန်ကာလအတွင်းပြီးစီးအောင် အလေးထားတည်ဆောက်ကြရန် မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

5-3 (7).p65 1 3/24/05, 1:09 PM

ငါးပါးသီလခံယူဆောက်တည်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)



လှူဖွယ်ပစ္စည်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီးဒေါက်တာဒေါ်ခင်ဝင်းရွှေတို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



▼ ရှေ့ဖုံးမှ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဖတ်ကြား

အခမ်းအနားတွင် အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ရှေးဦးစွာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

မြန်မာ့ရုပ်မြင်သံကြား

၅-၃-၂၀၀၄
(သောကြာနေ့)
(၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သတ္တသတ္တာဟစံနေတော်မူခန်း(ဖြူသီ)
- ၈:၀၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၂၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ဖောင်းကတော့ရေလှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၁၅ ၆။ ဓမ္မပူဇာတေးအစီအစဉ်
- ၁၇:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၈:၀၀ ၉။ ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးနတ်မယ်"** (အပိုင်း-၄)
- ၁၉:၄၀ ၁၄။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ရွှေဦးဆောင်းနှောင်းလတပေါင်း **(အပိုင်း-၁)**
- ၁၉။ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

ဆက်ကပ်လှူဒါန်း

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

သီလခံယူဆောက်တည်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တာပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက်ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)



နေ့ဆွမ်း ဆက်ကပ် လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများနှင့် ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့ဝင်များက ဆရာတော် သံဃာတော် အရှင်သူမြတ်များအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ဟောကြားတော်မူပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီးတို့က ဆရာတော်ကြီးအား သင်္ကန်း၊သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီးတို့က ဆရာတော်ကြီး အား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသောလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်ကပ် လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့က ဆရာတော်ကြီးအား သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလဆောက်တည်လိုကြသူများ အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

စာမျက်နှာ ၇ မှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရှင်းလင်းဆောင် အနီးရှိရှုရပ်မှ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တံတားကြီး၏ မော်လမြိုင်ဘက်ခြမ်းပေါ်သို့သွားရောက်ပြီး တံတားကြီးပေါ်တွင် ကားလမ်းအတွက် သံကူကွန်ကရစ်ကြမ်းခင်းများတည်ဆောက်ပြီးစီးမှု၊ ရထားသံလမ်းခင်းနိုင်ရန် ပြင်ဆင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

သံလွင်တံတား(မော်လမြိုင်)မှာ ၁၁၅၇၅ ပေ ရှည်မည်ဖြစ်ပြီး မီးရထားလမ်း တစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ယှဉ်လျက်ရှိသော တစ်ထပ်တံတားကြီးဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်)ကို ယခုနှစ် နှစ်ကုန်ပိုင်းခန့်တွင် တည်ဆောက်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအပြီးတွင် မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် သာယာလှပရေးဆောင်ရွက်ထားမှုများနှင့် မော်လမြိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ညပိုင်းတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်သို့သွားရောက်ကြပြီး ရှေးဦးစွာမြောက်ဘက်အာရုံခံမုခ်ဦးရှိဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သမိုင်းဝင် ကျိုက်သလွံစေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတီတော်ကို လက်ယာရစ်လှည့်လည်ကြည်ညိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မတ်၃ရက်နံနက်၉နာရီ ၁၅မိနစ်တွင် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် သန္တိသုခမ္မောရုံ၌ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော်ကြီး ဘဒ္ဒန္တသြဘာသအမှူးပြုသော ပြည်နယ်နှင့်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော်ကြီးက မေတ္တာပို့သတော်မူသည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဖေဖော်ဝါရီ၂၉ရက်ညနေပိုင်းတွင် ထားဝယ်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့လည်းကောင်း၊ မတ်၃ရက်နံနက်ပိုင်းတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် သန္တိသုခမ္မောရုံ၌ ပြည်နယ်နှင့်မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အကျိုးတော်ဆောင်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ကမ္ဘာ့ အမျိုးသမီးများနေ့

၂၀၀၄ ခုနှစ်၊ မတ်လ ၈ ရက်

International Women's Day

8th March 2004

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြောင်းမြ(ဝါးကျောင်း) ဝိသုဒ္ဓိဆရာတော်တရားဟောမည်

ရန်ကုန် မတ် ၄

မြောင်းမြ(ဝါးကျောင်း) ဝိသုဒ္ဓိဆရာတော်သည် ရန်ကုန်မြို့ ပုလဲမြို့သစ် အင်ကြင်းလမ်းရှိ မေပယ်(လ်) အထည်ချုပ်စက်ရုံပိုင်ရှင် ဒေါက်တာအောင်ဝင်း–ဒေါ်ကြွေကြွေဇင်တို့၏ ပင့်ဖိတ်ချက်အရ မတ်၆ရက် နံနက် ၉နာရီတွင် ယင်းစက်ရုံ၌ လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ဇေယျာသီရိ ကျောင်းတိုက် ပဓာနနာယကဆရာတော်၏ ပင့်ဖိတ်ချက်အရ မတ်၇ရက် ည၇နာရီ၌ ယင်းကျောင်းတိုက်၌လည်းကောင်း ဝိပဿနာတရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

အောင်ဆန်းသူရိယလှသောင်း(ဘော်ဒါ) ကျောင်းသားဟောင်းများအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၄

၁၉၆၁ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ကျောင်းတွင်ပညာသင်ကြားပေးခဲ့သော ဆရာဆရာမကြီးများအား (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဧပြီ ၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင်အထက(၂)မင်္ဂလာဒုံလှသောင်း ခန်းမ၌ကျင်းပရန် စီစဉ်ထားသည်။

အလှူငွေများကို ဦးညွန့်ဝင်း ဖုန်း–၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း–၂၂၈၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း–၀၉–၅၀၀–၀၉၄၁၊ ဦးထွန်းအောင်ကျော် ဖုန်း–၅၁၅၀၁၆၊ ဦးထင်အောင် ဖုန်း–၀၉–၅၀၀–၀၇၆၃၊ ဦးလှမင်း ဖုန်း– ၆၁၀၀၇၁ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က–ပ)

ရဲဘော်စိတ်ဇာတ်လမ်းပမာနားဆင်စရာထုတ်လွှင့်မည်

ရန်ကုန် မတ် ၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖြူစင်ဝင်း၏ ဝတ္ထုဇာတ်ညွှန်းကို ခင်မာလာထွန်း စီစဉ်ထုတ်လွှင့်လိုက်သည့် "ရဲဘော်စိတ်"ဇာတ်လမ်းပမာနားဆင်စရာကို မတ် ၇ရက် မွန်းလွဲ ၁၂နာရီခွဲနှင့် မတ်၉ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တို့တွင် မြန်မာ့အသံက ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီခင်ဇာခြည်ကျော်၊ မြန်မာ့အသံ ဦးသစ္စာနှင့် မြန်မာ့အသံဝန်ထမ်းများ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။(အောက်ပုံ) (သတင်းစဉ်)

ဘီးလင်းအဝင်းကြီးရွာမူလတန်းကျောင်းဆောင်သစ် ဆေးရုံသုံးပစ္စည်းများ၊ကွန်ပျူတာနှင့်စက်ဘီးများလှူဒါန်း

ရန်ကုန် မတ် ၄

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အဝင်းကြီးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်နှင့် ဆေးရုံသုံးပစ္စည်းများ၊ ကွန်ပျူတာ မီးစက်–တီဗီ၊ မသန်မစွမ်းစစ်သည်များအတွက် အထောက်အကူပြုပစ္စည်းများ၊ ဘီးလင်းမြို့နယ် ပညာရေးဌာန ဆရာ ဆရာမများအတွက် ဂျပန်လုပ် စက်ဘီးအစီး ၄၀ တို့အား ပညာရေးဌာနနှင့် ကျန်းမာရေးဌာနသို့ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မတ် ၂ရက် နံနက် ၉နာရီတွင် အဆိုပါ မူလတန်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စု ခဲမောက်ရွာဇာတိ စင်ကာပူနိုင်ငံသာသနာ့ရံသီ မြန်မာဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးတော်မူသော ဆရာတော် ဘဒ္ဒန္တ စန္ဒဝံသက ၄င်းနှင့် စင်ကာပူနိုင်ငံမှ ဒါယကာများက စုပေါင်း၍ လှူဒါန်းရခြင်းအကြောင်းကို ပြောကြားသည်။

ထို့နောက် အလှူရှင်ဆရာတော်က အဝင်းကြီးရွာ ကိုယ့်အားကိုယ်ကိုး ငွေကျပ် သိန်း ၁၂၀ ကျော်တန် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဘီးလင်းမြို့နယ်ပညာရေးမှူးထံသို့လည်းကောင်း၊ ဆေးရုံသုံးပစ္စည်းများကို ခရိုင်ဆရာဝန်ကြီးထံသို့ လည်းကောင်း၊ စက်ဘီးများကို ဆရာ၊ ဆရာမများထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

စမ်းချောင်းလမ်း တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၄

ကျေးနုးရှင် လယ်တီဆရာတော်ကြီး၏တပည့်အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာအလုပ်တရားတော် ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက မတ် ၁၅ ရက် မှ ၂၅ ရက် အထိ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ဓမ္မဒါနပြုလုပ်မည်ဖြစ်ရာ မည်သူမဆိုလာရောက်တရားအားထုတ်နိုင်ကြောင်းသိရသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၅၉)နှစ်မြောက်တပ်မတော်နေ့တွင်ပါဝင်စစ်ရေးပြမည့် စစ်ကြောင်းကြီးများတပ်ပါစစ်ရေးပြဆက်လက်လေ့ကျင့်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက် ၅ နာရီခွဲမှ ၈ နာရီအထိ ရန်ကုန်မြို့ မြို့မကွင်း၌ တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မင်းသိန်း ဦးဆောင်၍ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သိန်းတန် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသန်းဝင်း ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်သော် ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင့်ဝေ ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဦးကျော် ဦးဆောင်သည့် ဆင်ဖြူရှင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမြင့်ကိုကို ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးကံညွန့် ဦးဆောင်သည့် မြဝတီစစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးမောင်မောင်သန်း ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်ပါစစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုများကို (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စစ်ရေးပြလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့်ဗိုလ်ချုပ်အောင်ကြည်၊ ဗိုလ်မှူးချုပ်ဉာဏ်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။**(ဝဲပုံ) (သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံကျောင်းများ စာပေအနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးနှင့်ကဗျာပြိုင်ပွဲ များကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်ကျင်းပခဲ့သည်။ ပြိုင်ပွဲဝင်စာစီစာကုံးနှင့် ကဗျာများကို စာမူစိစစ်ရေးအဖွဲ့များက အဆင့်ဆင့် စိစစ်ရွေးချယ်ပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုအသီးသီးရရှိကြသော ကျောင်းသားကျောင်းသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ် ပြန်ကြေညာသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် မသက်ဝေလှိုင် (ပထမနှစ် ဘီအီးဒီ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း)က ပထမ၊ မဆုမွန်မွန်နှင်း(ဒုတိယနှစ် သိပ္ပံ၊ တောင်ကြီးပညာရေးကောလိပ်)က ဒုတိယ၊ မခိုင်ချစ်ဆု(ပထမနှစ် ဆေးဘက်ပညာသည်တက္ကသိုလ်၊ ရန်ကုန်)က တတိယအသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မစောက္ကန္ဒာသက်မောင်(တတိယနှစ် ဂုဏ်ထူးတန်း၊ မြန်မာစာ၊ ပဲခူးဒီဂရီကောလိပ်)၊ ဗိုလ်လောင်းရဲဝင်းမြင့်(နောက်ဆုံးနှစ် ဓာတုအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်)၊ မောင်သီဟထွန်း(ဒုတိယအမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မအိခိုင်မွန်(ပထမနှစ် သိပ္ပံ၊ မြောင်းမြပညာရေးကောလိပ်)နှင့်မောင်ဝင်းကိုကို(ပထမနှစ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မိတ္ထီလာ)တို့က အသီးသီးရရှိကြသည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ကဗျာပြိုင်ပွဲတွင် မစောက္ကန္ဒာသက်မောင်(တတိယနှစ် ဂုဏ်ထူးတန်း မြန်မာစာ၊ ပဲခူးဒီဂရီကောလိပ်)က ပထမ၊ ဗိုလ်လောင်းလှဝင်းအောင် (နောက်ဆုံးနှစ်၊ မြို့ပြအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်)က ဒုတိယ၊ ဗိုလ်လောင်းဉာဏ်ပိုင်စိုး(ဒုတိယနှစ်၊ ကွန်ပျူတာ၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်)က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်သီဟထွန်း (ဒုတိယ အမ်ဘီဘီအက်စ်၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မမျိုးဝင်းနွယ်(ဒုတိယနှစ် ဂုဏ်ထူးတန်း၊ သမိုင်း၊ မော်လမြိုင် တက္ကသိုလ်)၊ ဗိုလ်လောင်းမြင့်မောင်မောင်(နောက်ဆုံးနှစ်၊ စက်မှုအင်ဂျင်နီယာ၊ တပ်မတော်နည်းပညာ တက္ကသိုလ်၊ ပြင်ဦးလွင်)၊ မဖြူပြာဝင်း (ပထမနှစ်သိပ္ပံ၊ စစ်ကိုင်းပညာရေးကောလိပ်)နှင့် မောင်ညီညီနိုင် (ဒုတိယနှစ် ဂုဏ်ထူးတန်း၊ မြန်မာစာ၊ ပုသိမ်တက္ကသိုလ်)တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ တွင် မအေးချမ်းမြ (နဝမတန်း၊ အထက-၁၊ ညောင်လေးပင်)က ပထမ၊ မဝေသီမြင့် (နဝမတန်း၊ အထက၊ သုံးဆယ်)က ဒုတိယ၊ မောင်ရဲထက်ကို (နဝမတန်း၊ အထက-၂၊ မိတ္ထီလာ)က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မခိုင်မာလာညွန့် (နဝမတန်း၊ အထက-၁၊ ကြည့်မြင်တိုင်)၊ မခိုင်စံမျိုးဝင်း(အဋ္ဌမတန်း၊ အထက-၂၊ မုဒုံ)၊ မဇေပရယ်ထွန်း (အဋ္ဌမတန်း၊ အထက -၂၊ ပုသိမ်)၊ မအိဖြူဖွေး (နဝမတန်း၊ အထက-၂၊ စစ်ကိုင်း)နှင့် မောင်ကျော်ငြိမ်းခိုင် (နဝမတန်း၊ အထက-၂၊ စစ်တွေ)တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲ တွင် မစန္ဒာခိုင်ဝင်း (အဋ္ဌမတန်း၊ အလက-၃၊ ရွှေပြည်သာ)က ပထမ၊ မောင်ပိုကဲ(အဋ္ဌမတန်း၊ အထက-၂၊ စစ်ကိုင်း)က ဒုတိယ၊ နန်းငုဝါဖူးပွင့်ဦး(အဋ္ဌမတန်း၊အထက-၁၊ ပဲခူး)က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်လှိုင်မြင့် (နဝမတန်း၊ အထက-၁၊ မင်းဘူး)၊ မောင်ထူးနောင်စိုး(အဋ္ဌမတန်း၊ အလက ကော့ပရံရွာ၊ မုဒုံ)၊ မောင်ဖြိုးမြတ်ဇော် (နဝမတန်း၊ အထက-၁၊ သာယာဝတီ)၊ မသီတဂူ ကျော်မြင့်(အဋ္ဌမတန်း၊ အထက-၃၊ မြစ်ကြီးနား)နှင့် မသက်စုလှိုင် (နဝမတန်း၊ အထက၊ ပုလော)တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် မောင်ကျော်ခိုင်ထက် (ပဥ္စမတန်း၊အလက-၁၊ ပုသိမ်)က ပထမ၊မရွှေစင်(သတ္တမတန်း၊အလက-၁၊ တောင်ဥက္ကလာပ)က ဒုတိယ၊ မနုထက်ထက်လွင်(သတ္တမတန်း၊ အထက-၄၊ စစ်တွေ)က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မဝင့်ဝါဖြိုး (သတ္တမတန်း၊ အထက သုံးဆယ်)၊ မခိုင်ခိုင်မင်း(သတ္တမတန်း၊ အထက-၁၊ ပဲခူး)၊ မနူးနူးမိုင် (သတ္တမတန်း၊ အထက-၃၊ မြစ်ကြီးနား)၊ မခင်စန္ဒီထွန်း (သတ္တမတန်း၊အထက-၂၊မုဒုံ)နှင့် မိအိမ့်မျက်သွယ်(သတ္တမတန်း၊အထက-၂၊ ဘားအံ)တို့က အသီးသီးရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် မမီမီအောင်ဝင်း (သတ္တမတန်း၊ အလက-၄၊ ရေနံချောင်း)က ပထမ၊ မဝင့်ဝါဖြိုး (သတ္တမတန်း၊ အထက သုံးဆယ်)က ဒုတိယ၊ မမေသူကျော် (ဆဋ္ဌမတန်း၊ အထက-၆၊ ပုသိမ်)က တတိယ အသီးသီးရရှိကြပြီး အထူးဆုများအဖြစ် မောင်သုတဇော် (သတ္တမတန်း၊ အလက-၄၊ တောင်ဥက္ကလာပ)၊ မောင်သာနိုး(ဆဋ္ဌမတန်း၊ အထက-၂၊ စစ်ကိုင်း)၊ မဖြိုးအိအိ(ဆဋ္ဌမတန်း၊ အထက-၈၊မော်လမြိုင်)၊ မမေဆုစန္ဒီလွင်(သတ္တမတန်း၊ အထက-၁၊ တောင်ငူ)နှင့် မဖူးပွင့်ဖြူ(သတ္တမတန်း၊ အထက-၂၂၊ ချမ်းအေးသာစံ၊ မန္တလေး)တို့က အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ၂၀၀၄ခုနှစ် (၅၉) နှစ်မြောက် တပ်မတော်နေ့ (မတ် ၂၇ ရက်)တွင် ဆုများကိုချီးမြှင့်မည်ဖြစ်ရာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆုရရှိသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ဆုရရှိသူများသည် ကျောင်းအုပ်ကြီး အထက(၁) စမ်းချောင်း ရန်ကုန်မြို့သို့လည်းကောင်း မတ်၂၄ရက်တွင် လူကိုယ်တိုင်လာရောက် သတင်းပို့ကြရမည်ဖြစ်သည်။ အထူးဆုရရှိသူများအား မိမိတို့နေထိုင်ရာဒေသနှင့်နီးစပ်ရာ တိုင်း၊ တပ်မစစ်ဌာနချုပ်များတွင် ကျင်းပမည့် (၅၉)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားများ၌ ဆုများကိုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်ပြိုင်ပွဲဆုရရှိသူများစာရင်းကြေညာ

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီကကျင်းပသော ဝတ္ထုရှည် ပြိုင်ပွဲ၌ ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

ပြိုင်ပွဲ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆေးရေး ညွှန်ကြားရေးမှူးရုံးမှ သင်မိုးနီ၏ "ရွက်မကြွေတောက" ပထမ၊ တပ်မတော် မိုးလေဝသတိုင်းတာရေးတပ်မှ ဝမ်းထက်မိုး(ဇိနို့အောင်လံ)၏ "နှောင်သံသရာ တိုင်တည်မြဲသစ္စာ"က ဒုတိယ၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ စိုးနောင်(ပေါက္ကံ)၏ "ကန္တာရလမ်းခရီးကြမ်းမှ ငြိမ်းချမ်းတေးကူရွှေချိုးဖြူ"က တတိယနှင့် ကမာရွတ်မြို့နယ်မှ သာစုမြေဘုန်းရှိန်၏ "လေနီကြမ်းနှင့် ပန်းပေါင်းများစွာ"နှင့် ခဝဲခြံ၊ သမိုင်းမှ ဇော်မြင့်သိန်း၏ "တူယှဉ်ကာတိုက်စို့"တို့က အထူးဆုများကို အသီးသီးရရှိကြသည်။

ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများသည် မတ် ၂၇ ရက် တပ်မတော်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုများကို တက်ရောက်ယူရမည်ဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများသည် ဦးကိုကိုထွေး အတွင်းရေးမှူး စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားပြည်လမ်း ရန်ကုန်မြို့သို့ မတ် ၂၄ရက်၌ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဟိုင်းကြီးကျွန်းရှိစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများစစ်ဆေး ဒေသနှင့်ကိုက်ညီသည့်သီးနှံများစိုက်နိုင်သမျှတိုးချဲ့စိုက်ပျိုးရန်မှာကြား

ရန်ကုန် မတ် ၄

ဧရာဝတီတိုင်း ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၉ ရက် နံနက်၇ နာရီက ဟိုင်းကြီးတပ်နယ်ရှိ နယ်မြေခံတပ်ရင်း၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်ရင်း၏ ဂေါ်ရတ်ကောင်းပင်စိုက်ပျိုးရေး ခြံအမှတ်(၃)သို့ရောက်ရှိကြ၍ သိပ္ပံနည်းကျ တိုင်ထောင်ကြိုးတန်းစနစ်ဖြင့် စိုက်ပျိုးထားသော ဂေါ်ရတ်ကောင်းပင်အရေအတွက် ၁၀၀၀စိုက်ကွင်းကိုကြည့်ရှုစစ်ဆေးပြီး (ယာပုံ) ဘဲကောင်ရေ၁၀၀ မွေးမြူ ထားသော မွေးမြူရေးကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်နယ်၏ အောင်မြင်ဖြစ်ထွန်းနေသည့် စံပြသီးနှံစုံစိုက်ခင်းနှင့် ဒေသကြက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

မွေးမြူထား

ဟိုင်းကြီးကျွန်းမြို့ နယ်မြေခံတပ်နယ်တွင် ဂေါ်ရတ်ကောင်းပင်အရေအတွက် တစ်သောင်းခွဲ၊ ကွမ်းသီးပင်အရေအတွက် သုံးသောင်းခွဲ၊ အုန်းပင်လေးသောင်းခွဲ၊ မုံလာဘောင် ၅၀၊ ကန်ဇွန်းဘောင် ၅၀၊ ဘူးစင်ကြီး ၁၀ စင်၊ မန်ကျည်းပင် ၁၆၇၅၇ ပင်၊ နှစ်ရှည်စားပင်ဖြစ်သော သစ်ဆိမ့်ပင် ၁၆၀၉၅ ပင်၊ သရက်၊ ရှောက်၊ သံပရာ၊ သီဟိုဠ်စသည့်အပင်များ၊ အရိပ်ရလေကာပင်များဖြစ်ကြသည့် အော်ရေးရှား၊ ဘောစကိုင်း၊ ယူကလစ်၊ စိန်ပန်း၊ စွယ်တော်၊ ငုဝါ၊ ရေတမာပင်စသည့် အပင်များစိုက်ပျိုးထားပြီး မွေးမြူရေးလုပ်ငန်းတွင် ဘဲကောင်ရေ ၁၀၀၀၊ ဆိတ်ကောင်ရေ ၃၇၄၊ ကျွဲကောင်ရေ ၁၀ ကောင်နှင့် သဘာဝရေငန်ပုစွန်ကန် ၃၅ ဧကနှင့် သိပ္ပံနည်းကျ ရေငန်ပုစွန်ကန် ၁၄ ဧက မွေးမြူထားကြောင်းသိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမြို့ တိုက်နယ်ပြည်သူ့ဆေးရုံ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စာတိုက်နှင့် ကြေးနန်းအိတ်ချိန်း ဆက်သွယ်ရေးစခန်းနှင့် ဟိုင်းကြီးကျွန်းမြို့ ရဲတပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် တပ်မတော်ရေယာဉ်ဖြင့် ထွက်ခွာကြရာ ခမောက်မော်ကျေးရွာသို့ရောက်ရှိကြပြီးမော်တော်ယာဉ်များဖြင့် ပုသိမ်–မော်တင် လမ်းအတိုင်း ဆက်လက်ထွက်ခွာကာလမ်းတစ်လျှောက်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက်မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး တင်းချောင်ကျေးရွာအုပ်စု ဂေါ်ရတ်ကောင်းတောင်ကျေးရွာသို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ဂေါ်ရတ်ကောင်းတောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမဆောင်၌ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဆရာ၊ ဆရာမများ တိုးချဲ့ခန့်ထားရေး၊ ကျန်းမာရေးအတွက် သားဖွားဆရာမများ တိုးချဲ့ ခန့်ထားရေး၊ ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်ရေးစသည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မေးမြန်း၍ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံအမှာစကားပြော

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဂေါ်ရတ်ကောင်းတောင်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း စာသင်ကျောင်းအတွက် အလှူငွေကျပ် ငါးသောင်းနှင့် ကျေးရွာစာကြည့်တိုက်ဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ဂေါ်ရတ်ကောင်းတောင်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြိုင်တို့က လက်ခံကြသည်။ ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာကြပြီး ဂေါ်ရတ်ကောင်းမြို့သို့ ညနေ ၃ နာရီခွဲတွင် ရောက်ရှိကြသည်။ ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဂေါ်ရပ်ကောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ရှေးဦးစွာ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်တင်က ဂေါ်ရပ်ကောင်းမြို့၏တည်နေရာနှင့်အကျယ်အဝန်း၊ မိုးစပါးစိုက်ပျိုးမှုဧကအခြေအနေ၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာအခြေအနေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ဤဂေါ်ရပ်ကောင်းဒေသ၏ လမ်းပန်းဆက်သွယ်မှုလွယ်ကူအောင် နိုင်ငံတော်က ပုသိမ်–မော်တင်မြေသားကားလမ်းကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်၍ ဒေသခံများသည် ထိုလမ်းပေါ်ရှိ ဂေါ်ရတ်ကောင်းတောင်ကျေးရွာမှတစ်ဆင့် ပုသိမ်သို့လည်းကောင်း၊ မော်တင်စွန်းသို့လည်းကောင်း ကားလမ်းဖြင့် သွားနိုင်ကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ ထိုလုပ်ငန်းစဉ် ငါးရပ်အနက် ကျေးလက်ပညာရေး တိုးတက်စေရန်အတွက် စာသင်ကျောင်းများ တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ လိုအပ်သည့် ဆရာ ဆရာမများ ခန့်ထားခြင်းစသည်တို့ကို ဆောင်ရွက်ပေးနေကြောင်း၊ ကျေးလက်ကျန်းမာရေးအတွက်လည်း တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများကို ဖွင့်လှစ်ကာ ဆရာဝန်၊ ဆရာမများကို ခန့်ထားခြင်း၊ ပညာပေးခြင်း၊ကာကွယ်ခြင်း၊ကုသခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်လမ်းပန်း ဆက်သွယ်မှုကောင်းမွန်ရေးကိုလည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကျေးလက်စီးပွားရေး တိုးတက်စေရန် အခြေခံဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် အစီအမံများ ချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံတော်က အဓိကသီးနှံ ၁၀မျိုးကို စိုက်ပျိုးရန် သတ်မှတ်ထား၍ ဒေသနှင့် ကိုက်ညီသည့် သီးနှံများကို စိုက်နိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ နှစ်ရှည်ပင်အနေဖြင့် စားသုံးဆီထုတ်လုပ်ရန်အပြင် အရိပ်ရပြီး လေကာနိုင်သည့် သစ်ဆိမ့်ပင်များကို အိမ်ခြံဝင်းပင်များနှင့် လမ်းဘေးဝဲယာတွင် စိုက်ပျိုးရန်လိုကြောင်း အမယ်သစ် (အမည်သစ်) သီးနှံအနေဖြင့် ဂေါ်ရတ်ကောင်းကို အိမ်ခြံရှိသစ်ပင်ကြီးများတွင် တွယ်ကပ်စိုက်ပျိုးနည်း၊ တောတောင်များတွင် သဘာဝအတိုင်း စိုက်ပျိုးနည်းနှင့် ခြံကျယ်များဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းတို့ကို အသုံးပြုပြီး ဂေါ်ရတ်ကောင်းကို စိုက်ပျိုးကြ စေလိုကြောင်း၊ ဂေါ်ရတ်ကောင်းဟူသည့် ဒေသအမည်နှင့် လိုက်လျောညီထွေ ဖြစ်စေရန် တစ်နိုင်ငံလုံးတွင် ဂေါ်ရတ်ကောင်း အများဆုံးစိုက်ပျိုးသည့်ဒေသဖြစ်ရေး ရည်မှန်းချက်ထားရှိပြီး ဆောင်ရွက်ရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။

ပေးအပ်

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဂေါ်ရတ်ကောင်းတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် တစ်သိန်းကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ဂေါ်ရပ်ကောင်းဒေသ၏ ဖွံ့ဖြိုးမှုအခြေအနေများနှင့် အုန်း၊ ကွမ်းသီးပင်နှင့် သရက်ပင်တို့ စိုက်ပျိုးထားသော ဥယျာဉ်ခြံမြေနှင့် ဒရယ်ကျွန်းရှိ မြကျွန်းသာပင်လယ်ကမ်းခြေ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ ဂေါ်ရတ်ကောင်းမြို့တွင် ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ပေးဆပ်သူတို့ နှလုံးသား ရုံသုံးရုံအပြိုင်ဝင် ပြသဆဲမြန်မာဇာတ်ကားများ ဆက်လက်ပြသ

ပေးဆပ်သူတို့နှလုံးသား ဇာတ်ကားမှ ရန်အောင်၊ မျိုးသန္တာထွန်း။

ရန်ကုန် မတ် ၄

ယခုသောကြာပတ်တွင်မျိုးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးပြီး ရန်အောင်၊ ကျော်ရဲအောင်၊ ခန့်စည်သူ၊ သတိုးစော၊ ရဲမင်းပိုင်၊ အောင်ပိုင်၊ မျိုးသန္တာထွန်းနှင့်ခိုင်နှင်းဝေတို့ပါဝင် သရုပ်ဆောင်ထားသည့် **'ပေးဆပ်သူတို့နှလုံးသား'** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာ အဆင့်မြင့်ရုံများတွင် ဝင်လာသည်။ **'ပေးဆပ်သူတို့ နှလုံးသား'** ဇာတ်ကားသည် ပုဂံအနော်ရထာမင်းပြုစဉ်ကာလ သူ့ရဲကောင်း လေးဦးဖြစ်သော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသည့် သူရဲကောင်းများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော မြန်မာရာဇဝင်ဇာတ်ကားတစ်ကားဖြစ်သည်။ ပုဂံ အနော်ရထာမင်းပြုစဉ်တွင် သူ့ရဲကောင်းလေးဦး၏ တိုက်ရည် ခိုက်ရည်ကြောင့် အိမ်နီးချင်းနိုင်ငံများ ကြောက်ရွံ့ခန့်ညား ရှိသေရပုံ၊ သူ့ရဲကောင်းလေးဦး၏နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိပုံတို့ကို ဖွဲ့နွဲ့ရိုက်ကူးထားသော မြန်မာရာဇဝင် ဇာတ်ကားတစ်ကားဖြစ်သည်။ ငြိမ်းမင်း၏ ဇာတ်ညွှန်းကို ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူးပြီး ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်၊ မေသဉ္ဇာဦးခေါင်းဆောင်ပါဝင်သော **'ကိုယ်တိုင်ရေး ရာဇဝင်'** ဇာတ်ကားမှာ ရွှေဆောင်၊ နေပြည်တော်နှင့် နဝဒေးရုံများတွင် ရုံဝင်လာသည်။ သမ္မတ အဆင့်မြင့်ရုံတွင် ဂျပန်ရုပ်ရှင်ပွဲတော်ကိုမတ်၈ရက်မှ၁၂ရက်ထိကျင်းပမည်ဖြစ်ရာ မတ် ၈ ရက်တွင်၊ A Scene At The Sea မတ် ၉ရက်တွင် Cyborg၊ မတ် ၁၀ ရက်တွင် I was

ရုပ်ရှင်သတင်းထောက်

Born But၊ မတ် ၁၁ရက်တွင် Nabbie's Loveနှင့်မတ် ၁၂ရက်တွင် Black Rain တို့ကိုပြသမည်ဖြစ်သည်။ အလားတူ မတ်၁၅ရက်မှ ၁၇ ရက်ထိဂျပန်ရုပ်ရှင်ပွဲတော်ကို ဝင်းလိုက် အဆင့်မြင့်ရုပ်ရှင်ရုံ (မန္တလေး)တွင် ကျင်းပမည်ဖြစ်ရာ မတ် ၁၅ရက်တွင် Cyborg၊ မတ်၁၆ရက်တွင် A Scene At The Seaနှင့် မတ် ၁၇ရက်တွင် Nabbie's Love တို့ကို ပြသမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကိုယ်တိုင်ရေးရာဇဝင်မှ ဇာတ်ဝင်ခန်းတစ်ခန်း။

သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ အလှူခံယူတော်မူကြမည့် ပြည်ပနိုင်ငံများမှဆရာတော်ကြီးများနှင့်သီလရှင်ဆရာကြီးတို့ ကြွရောက်တော်မူ

ရန်ကုန် မတ် ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူကြမည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် သီရိလင်္ကာနိုင်ငံမှ ဘဒ္ဒန္တ ဗောယာဂမဝိမလသိရီ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူကြသည့် လာအိုနိုင်ငံမှ Ven. Kao Buddhavong နှင့် Ven. Noi Sangvalo၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ven. Dhamasen Mahathero၊ နီပေါနိုင်ငံမှ ဘဒ္ဒန္တဝိမလာနန္ဒ၊ အိန္ဒိယနိုင်ငံမှ Ven. Dr. Rastrapal Mahatherq၊ အင်ဒိုနီးရှားနိုင်ငံမှ Ven. Khanti dharo Thera၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် အင်္ဂလန်နိုင်ငံမှ Ven. Galayaye Piyadassi နှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် အင်္ဂလန်နိုင်ငံမှ ဘဒ္ဒန္တသောမရတန အရှင်သူမြတ်များ သည် လည်းကောင်း၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နီပေါနိုင်ငံမှ သီလရှင်ဆရာကြီး အန္ဒဂါရိက ဉာဏသီလ သည်လည်းကောင်း ယမန်နေ့ည ၈ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ကြွရောက်တော်မူလာကြသည်။

အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အလှူခံယူတော်မူကြမည့် ပြည်ပနိုင်ငံများမှ ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးတို့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးများမှ တာဝန်ရှိသူများ၊ သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ အရာထမ်း၊ အမှုထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဘာသာရေးထုံးတမ်းစဉ်လာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကြိုဆိုဖူးမြော်ကြည်ညိုကြပြီး ခေတ္တသီတင်းသုံးတော်မူမည့် တာမွေမြို့နယ် မဟာသန္တိသုခ ကျောင်းတော်ကြီးသို့ မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကြသည်။ **(သတင်းစဉ်)**

ဆီမီးတစ်ထောင် ပန်းတစ်ထောင် ကပ်လှူပူဇော်မည်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စပယ်လမ်း အတွင်းရှိ အောင်မင်္ဂလာစပယ်ကျောင်း ဝင်းအတွင်း တည်ထားကိုးကွယ်ထား သော သောကကင်းဝေးငြိမ်းအေး စေတီတော်မြတ်အား ပထမအကြိမ်မြောက် ဆီမီးတစ်ထောင် ပန်းတစ်ထောင်ကပ်လှူပူဇော်ပွဲကို တပေါင်းလပြည့်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၄

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို မတ် ၈ ရက်မှ ၁၂ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၃၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၅၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ မတ် ၇ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်နှင့်ဥပဒေရုံးများ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်သည် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ တရားစွဲနှင့် အမှုလိုက်ဌာန ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ ရခိုင်ပြည်နယ် ဥပဒေအရာရှိ ဦးရဲအောင်မြင့်နှင့် ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက်က ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိပြီး ပြည်နယ်ဥပဒေရုံး၌ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများ ဆွေးနွေးသည်။

ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ပြည်နယ်အဆင့် တရားစွဲ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်တွေခရိုင်ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဆွေးနွေးပွဲကျင်းပရာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး တက်ရောက်ပြီး တရားစီရင်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ် ဥပဒေရုံးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေး မှာကြားသည်။

ဒုတိယရှေ့နေချုပ်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၉ရက်တွင် ရခိုင်ပြည်နယ် ဥပဒေရုံး၊စစ်တွေ ခရိုင်ဥပဒေရုံးနှင့် စစ်တွေမြို့နယ် ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးသည်။မတ် ၁ရက်တွင် ဒုတိယရှေ့နေချုပ်နှင့် အဖွဲ့သည် မောင်တောခရိုင်အဆင့် တရားစွဲ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် မောင်တောခရိုင်၊ မောင်တောမြို့နယ် ဥပဒေရုံးများမှ ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ ဥပဒေရေးရာများ ဆွေးနွေးပြီး မောင်တောခရိုင် ဥပဒေရုံးနှင့် မြို့နယ် ဥပဒေရုံးများကို ကြည့်ရှုစစ်ဆေးကာ မတ် ၂ ရက်တွင် ဘူးသီးတောင်မြို့နယ် ဥပဒေရုံးကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်း ဆင်မလိုက်ဝန်ထမ်းအိမ်ရာကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းသည် ယနေ့နံနက်က ကြည့်မြင်တိုင်မြို့နယ်ရှိ မြို့တော်စည်ပင်၏ ဆင်မလိုက်အရာရှိအိမ်ရာနှင့် အမျိုးသမီးဝန်ထမ်းအိပ်ဆောင်များသို့ ရောက်ရှိလာရာ အိပ်ခန်းနေရာချထားရေးကော်မတီဥက္ကဋ္ဌ စီမံရေးရာဌာန ဌာနမှူး ဦးကျော်မင်းနှင့် တာဝန်ရှိသူများက အရာရှိအိမ်ရာများ၊ အမျိုးသမီးဝန်ထမ်းအိပ်ဆောင်များသို့ လှည့်လည်ပြသသည်။ **(ယာပုံ)**

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူးနှင့် စီမံဌာန ဌာနမှူးတို့သည် လမ်းမတော်၊ လသာမြို့နယ် လမ်းမကြီးများဝဲယာတွင် လူသွားစင်္ကြံများ ပြန်လည်မွမ်းမံခြင်း၊ အသစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နေသည်ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အင်ဂျင်နီယာများက ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများကို လိုက်လံပြသသည်။

(၂၁၀)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အသင့်ဖြစ်ထွန်းမည်။

ပရိယတ္တိသာသနနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး (၂၂၁)ကြိမ်မြောက် ဆွမ်းဆန်တော်ရေစက်ချလှူဒါန်းပွဲ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်ရှိ ပရိယတ္တိသာသနနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၂၂၁)ကြိမ်မြောက် ဆွမ်းဆန်တော်ရေစက်ချလှူဒါန်းပွဲကို ၁၃၆၅ ခုနှစ် တပေါင်းလပြည့်နေ့ (မတ် ၅ရက်) သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံရင်ပြင် ဦးမောင်ကလေး-ဒေါ်ကျုတ်တန်ဆောင်းကြီး၌ အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများက ရေစက်သွန်းချတရား ဟောကြားပြီး စာသင်ကျောင်းတိုက် ၁၆၃ တိုက်ရှိ စာချစာသင် သံဃာတော်ပေါင်း ၁၇၀၀၀ ကျော်တို့အား ဆွမ်းဆန်တော်တင်း ၃၇၅၀ (တန်ဖိုး ၁၁၅ သိန်း)ကို တပေါင်းလပြည့်ကျော် ၁ ရက်မှစ၍ ကျောင်းတိုက်များသို့ လိုက်လံပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၄

ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို မတ် ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီထိ ကုန်သွယ်/လယ်ယာ ဓမ္မာရုံ ကြားတောရလမ်း ဗဟန်းမြို့နယ် (ရွှေတိဂုံစေတီတော်အရှေ့ဘက်စောင်းတန်း)တွင်ကျင်းပမည်ဖြစ်သည်။

ဇီးကုန်းမြို့နယ်သူ မြို့နယ်သားအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အသက်(၈၀)အထက် အသင်းဝင်များနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများနှင့် ပညာရည်ချွန်အတန်းလိုက်ဆုရရှိသည့် အသင်းဝင်များ၏ သားသမီးများ လိုအပ်သောအမှတ်စာရင်းအထောက်အထားများနှင့်အတူ မတ် ၇ရက် နောက်ဆုံးထား၍ ဦးအုန်းကျော် ဖုန်း-၅၇၃၀၂၁၊ ဦးကျော်ဝင်း ဖုန်း-၂၀၂၉၉၁၊ ဦးထွန်းအောင် ဖုန်း-၅၀၁၅၃၆၊ ဦးအေးလှိုင် ဖုန်း-၅၂၇၀၄၀၊ ဦးသန်းအောင် ဖုန်း-၂၄၇၆၆၅၊ ဦးညွန့်စိန် ဖုန်း-၅၈၄၇၁၅၊ ဦးခင်ရွှေ ဖုန်း-၂၅၂၅၉၃၊ ဒေါ်သန်းအိ ဖုန်း-၅၀၀၄၄၇၊ ဒေါ်မြင့်မြင့်တူး ဖုန်း-၅၂၄၆၂၉ နှင့် ဒေါ်သန်းသန်းအေး ဖုန်း-၅၃၅၉၄၇ တို့သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဂုဏာပူဇာပူဇော်မည်

ရန်ကုန် မတ် ၄

ပခုက္ကူခရိုင်အတွင်းမှ ၂၀၀၄ ခုနှစ်တွင် သာသနာရေးဆိုင်ရာ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရဆရာတော် တစ်ပါး၊ အပါအဝင် ဘွဲ့ရဆရာတော် ခုနစ်ပါး နှင့် သီလရှင် နှစ်ပါးတို့အား ပခုက္ကူအသင်း (ရန်ကုန်) မှ ဂုဏာပူဇာပူဇော်ပွဲကို မတ် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ တက်ရောက်ပူဇော်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဇေယျဝတီဆရာတော်သစ္စာတရားဟောကြားမည်

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) သည် ရခိုင်ပြည်နယ် ဂွမြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ မတ် ၂၅ ရက်မှ ၃၁ ရက်(တန်ခူးလဆန်း ၅ ရက်မှ ၁၁ ရက်ထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အလှူငွေပေးအပ်ပွဲကို မတ် ၄ ရက်က မြို့နယ်ရုံးခန်းမတွင်ပြုလုပ်ရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာ၂အဖွဲ့ဝင် ဒေါ်ခင်မြင့် (ပိုတေးတိုးစ်ကုမ္ပဏီမှ) အလှူငွေကျပ်ငါးသိန်းနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူသွင်က အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို လက်ခံယူစဉ်။ (၂၅၉)

Beauty Palace Co. Ltd. မှ ထုတ်လုပ်၍ အရည်အသွေးကောင်းမွန်သော A21 နှင့် 1 Plus 1 ဆပ်ပြာအမျိုးမျိုး၊ Best-T သွားတိုက်ဆေးများကို စိစစ်မြို့နယ်အတွက် ရောင်းချလိုသည့် နယ်ကိုယ်စားလှယ်များသည် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ကြောင်း ကြေငြာအပ်ပါသည်။

အောက်မြန်မာပြည်

Beauty Palace Co. Ltd.

အမှတ် ၃၉၊ ရွှေတောင်တန်းလမ်း၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း -၂၂၄၆၄၆၊ ၂၂၆၃၅၃၊ ၂၂၅၇၃၃၊ ၂၂၆၂၆၇ ဖက်စ် - ၂၂၈၂၈၄

ဆယ်လူလာ - ၀၉ ၅၀၈၂၀၉၇၊ ၀၉ ၅၀၁၃၈၂၅၊ ၀၉ ၉၉၂၄၀၉၀

အထက်မြန်မာပြည်

ကိုမြတ်ဇော် (စ) ကိုသံခဲ

အမှတ် ၁၃၅၊ ၈၄ လမ်း၊ ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း - (၀၂) ၃၁၆၄၄၊ ၃၁၆၄၅၊ ၂၅၂၁၄

စက်ရုံ

Beauty Palace Co. Ltd.

အမှတ် ၁၅၄၊ မြဲတောင်ဝန်ကြီးဦးမိုလမ်း၊စက်မှုဇုန်အမှတ် (၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၆၈၃၄၁၇၊ ၆၈၄၇၉၃

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ကမာရွတ်မြို့နယ်၊ ရတနာလမ်း၊ အမှတ်(၄၂/က)နေ
ဦးမောင်မောင်မြင့်(Hanseatic Shipping Company)-
ဒေါ်ချစ်စိန်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ငြိမ်း)တို့၏ သားကြီး
မောင်ဖြိုးမောင်မောင် First Year (Physics)
(OLR/ Hanseatic Shipping Company)
နှင့်
လှိုင်မြို့နယ်၊ သီရိ ၄ လမ်း၊ အမှတ်(၁၀၀/က) နေ
ဦးလှသောင်း(Hanseatic Shipping Company)-
ဒေါ်လှမြိုင်(အမက-၇၊ လှိုင်၊ ငြိမ်း)တို့၏ သမီးကြီး
မတင်ဥမ္မာသောင်း B.Sc (Maths)
တို့သည် ၃-၃-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်သော
မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့်မောင်ဖြိုးမောင်မောင်-မတင်ဥမ္မာသောင်း။

မော်တော်ယာဉ်ပိုင်ရှင်များအတွက် သတင်းကောင်း

* အောက်ဖော်ပြပါ ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အထူးလျှော့စျေးဖြင့် ၆-၃-၂၀၀၄နှင့် ၇-၃-၂၀၀၄ နေ့များတွင် ရောင်းချပေးပါမည်။(နှစ်ရက်တည်းသာ)
* TOYOTA/NISSANလျှော့ဘားများ(ဘောထိုင်/ကွိုင်စပရင်ပါ)တစ်ချောင်း ၁၂၀၀၀ိ/
* COROLLA POWER GUN (ဂျပန်ကျ) တစ်ချောင်း ၁၃၀၀၀ိ/-
* TOYOTA VAN နောက်လျှော့ဘား၊လေး၊ ဒိုင်နမိုစသည့် ပစ္စည်းများ စျေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးပါမည်။
* TOYOTA အိုင်စီဒိုင်နမို (ဂျပန်ကျ)များ အထူးလျှော့ရောင်းမည်။
"မင်းမဟာ" ကားပစ္စည်းဆိုင် အမှတ် (၃၁၂)၊ ရွှေဂုံတိုင်လမ်းမကြီး၊ (ငါးထပ်ကြီးဘုရားအေး၊ ခြောက်ထပ်ကြီးဘုရားရှေ့)၊ ဗဟန်း။

May Mandalay

ကုန်အမှတ်တံဆိပ်မူပိုင်ဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊(၃)ရပ်ကွက်၊ကုန်စျေးတန်းလမ်း၊ အမှတ် (၁၃၈) ရွှေမြင့်မိုရ်သက်န်းတိုက်မှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစံမြတ် ၁၀/မလမ(နိုင်)၀၃၃၆၁၆ နှင့် ဒေါ်အမုံ ၁၂/ဥကမ(နိုင်)၀၇၆၆၅၂တို့က ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်သားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း ၂၀၀၄ခုနှစ် မှတ်ပုံတင်စာချုပ်အမှတ် ၄-/၁၂၃၉ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ကုန်အမှတ်တံဆိပ်အမှတ်အသား

အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရွှေမြင့်မိုရ်သက်န်းတိုက်မှ သင်္ကန်းအမျိုးမျိုးနှင့်ပရိက္ခရာပစ္စည်းများကို ဖြန့်ချိရောင်းချရာ၌ စက္ကူဘူးအမျိုးမျိုး၊ပလတ်စတစ်လက်ဆွဲအိတ် စသည့်ထုပ်ပိုးပစ္စည်းအမျိုးမျိုးနှင့် ဆိုင်းဘုတ်၊ ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ ရုပ်သံကြော်ငြာ၊ ဘလောက်ဒိဇိုင်း၊ တံဆိပ်တုံး၊ ငွေရပြေစာအစရှိသည်တို့အပေါ်တွင် အရောင်အမျိုးမျိုးဖြင့်ရိုက်နှိပ်၊ ထုတ်ဝေဖြန့်ချိ ရောင်းချကြော်ငြာသွားမည်ဖြစ်ပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်၏ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးခြင်း၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် တုပပြုလုပ်သုံးစွဲခြင်း၊ သွယ်ဝိုက်မှိုင်းမှိုင်း၍ ထုတ်လုပ်ဖြန့်ချိခြင်းပြုသည်ကို တွေ့ရှိပါက တရားဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းမြင့် B.A(Eco); DA; H.G.P
အထက်တန်းရှေ့နေ (စဉ်-၂၂၃၃)
အမှတ်(၉)၊မြေညီထပ်၊၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။

Y.E.S.

MAR-15

Basic Spoken English MAR - 1,6,15,20, 22,29
Pre-IntermeDiate English MAR - 15,20,22,29
SAT (I) & Academic Writing Course MAR - 2, 27
Vocabulary Enrichment Course MAR - 15
TOEFL, IELTS, SAT(II), GFC, Intermediate English
No.119, Y.W.C.A Building , Bogalayzay Street, Botataung TSP,
- 245821

Silver View

PACKAGE

Silver View Resort

Discount

E-mail-silview@shwefamily.com.mm

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန္တာဝင်း[၁၄/ညတန(နိုင်)၀၈၄၄၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အိမ်အမှတ်(၃၁)၊ ပထမထပ်၊ အကျယ်အဝန်းအားဖြင့် ပေ (၂၅' X ၅၀') ရှိ ဟောတိုက်ခန်းအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ၎င်းတိုက်ခန်းအား ပိုင်ဆိုင်သူ ဦးသိန်းလွင်နှင့် ဦးလွင်ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ ငါးရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်သန်းသန်းဌေး
LL.B (Advocate)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၆၀)၊ မဟာဗန္ဓုလပန်းခြံလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၉၃၃၁၊ ၀၉-၅၀-၁၈၅၆၃

မန်ယူ၊ အာဆင်နယ်တို့နှင့် အက်ဖ်အေဖလားကွာတားပွဲများ

ဟိန်းသန့်

ရန်ကုန် မတ် ၄

အက်ဖ်အေဖလားပွဲ ကွာတားဖိုင်နယ်အဆင့်ကို တောင် ရောက်လာပြီဖြစ်သည်။ ဖေဖော်ဝါရီ ၆ နှင့် ၇ ရက် နေ့များ၌ ယှဉ်ပြိုင်ကစားကြမည့် ကွာတားပွဲစဉ်များသို့ ပရီမီယာရှစ်မှ လေးသင်းသာတက်ရောက်လာနိုင်ခဲ့ကြသည်။ သို့ရာတွင် ထိုလေးသင်းစလုံးကွာတားဖိုင်နယ်၌ အချင်းချင်း ပြန်တွေ့ကြရမည်ဖြစ်သည်။ ကျန်ပထမတန်း၊ ဒုတိယတန်းမှ အသင်းများကလည်း တစ်ဖက်၌အချင်းချင်း ပြန်တွေ့နေရကြရာ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲများမှာ နှစ်ပိုင်းကွဲနေသလို ဖြစ်သည်။ ထို့ကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ ပရီမီယာရှစ်မှနှစ်သင်းနှင့် ကျန်အတန်းများမှ နှစ်သင်း တက်ရောက်ခွင့်ရတော့မည် ဖြစ်သည်။

ပရီမီယာရှစ်အသင်း(လေး)သင်းထဲ၌ထိပ်သီး နှစ်သင်းဖြစ်သည့် အာဆင်နယ်နှင့် မန်ယူတို့ ပါနေကြသည်။ အာဆင်နယ်က ပို့စ်မောက်အသင်းနှင့် အဝေးကွင်း၌ ကစားရမည်ဖြစ်ပြီး မန်ယူမှာအိမ်ကွင်းအိုးထရက်ဖို့ဒ်၌ မကြာမီက ၁-၁ ဖြင့် ပူပူနွေးနွေးသရေကျထားသည့် ဖူလ်ဟမ်းနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ကျန်နှစ်ပွဲမှာမူ ပထမတန်းမှ မီဝေါလ်နှင့် ဒုတိယတန်းမှ ထရန်မီယာ၊ ပထမတန်း နှစ်သင်းဖြစ်သည့် ဆန်းဒါလန်းနှင့် ရှက်ဖီးယူနိုက်တက်တို့၏ ပွဲများဖြစ်သည်။

အက်ဖ်အေဖလားကွာတားဖိုင်နယ် (၆/၇-၃-၀၄)

ပို့စ်မောက်-အာဆင်နယ်

အက်ဖ်အေဖလားကို (၃)ကြိမ်ဆက်ယူပြချင်သည့် အာဆင်နယ်၏အစွမ်းကို စမ်းသပ်မည့်ပွဲဖြစ်သည်။ လီဗာပူးကိုဖြတ်ကျော်ပြီး ကွာတားရောက်လာသော ပို့စ်မောက်၏ အစွမ်းကို လျှော့တွက်၍တော့မရ။ ပရီမီယာရှစ်၌ ဤနှစ်သင်းဆုံတွေ့ကြစဉ်က အာဆင်နယ်၏ကွင်း ဟိုက်ဘာရီ၌ ပို့စ်မောက် သရေရအောင် ခံကစားထားနိုင်သည်။ ထို့အပြင် အိမ်ကွင်းကစားပုံကလည်းမာသည့်အပြင် ယခု နောက်ပိုင်းကစားပုံကလည်း တက်နေသည်။ လီဗာပူးကို အက်ဖ်အေပွဲ၌အဝေးကွင်း၌၁-၁သရေ၊အိမ်ကွင်း၌၁-၀ ဖြင့် အနိုင်ရအောင်ကစားထားသည်။ ပရီမီယာရှစ်ပွဲစဉ် ၂၇ ၌လည်း နယူးကာဆယ်ကိုအိမ်ကွင်း၌ ၁-၁သရေကစားထားသည်။ တစ်ခုရှိနေသည်က ပို့စ်မောက် အသင်း၏ ဒဏ်ရာစာရင်း ပင်ဖြစ်သည်။ လက်ရှိအချိန်၌ ပို့စ်မောက်၌ ဒဏ်ရာရသူများ များနေသည်။ ရှရင်ဂါ၊ ဘာဂါ၊ ရှားဝုဒ်တို့လို ဝါရင့်များဒဏ်ရာ များရနေကြသည်။ သည်ပွဲ၌ ကစားနိုင်ခဲ့လျှင်တောင် ၎င်းတို့ဆီမှ ပုံမှန်ကြံ့ခိုင်မှုမျိုး ပြန်ရရန်မလွယ်လှသေးရာ ပို့စ်မောက်အတွက် လူငယ်လူသစ်များကိုသာ အားကိုးရကိန်းဆိုက်နေသည်။ အာဆင်နယ်မှာမူ ယခုအချိန်၌ အကောင်းဆုံးခြေစွမ်းကို ပိုင်ဆိုင်ထားသည်။ ထို့အပြင် ဖလားသုံးလုံး လမ်းကြောင်းပေါ်၌လည်း အခြေအနေကောင်းနေရာ ထိုအခြေအနေမျိုးကို စွန့်လွှတ်လိုက်ရသည့်အဖြစ်မျိုး အရောက်ခံလိမ့်မည်မထင်မိ၊ သည်ပွဲပြီး ကစားရမည့် ချန်ပီယံလိဂ်ပွဲလလည်း အသာစီးဖြင့် အခြေအနေကောင်းရထားပြန်ရာ ထိုပွဲထက် ယခု ပို့စ်မောက်နှင့်ပွဲကို ပို၍အာရုံစိုက်ထားခွင့်က ရနေပြန်သေးသည်။ ထို့အပြင်

ပရီမီယာရှစ်ပြိုင်ပွဲ မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဖူလ်ဟမ်းအသင်းတို့ပွဲတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဆာဟာက ၎င်း၏အသင်းဟောင်း ဖူလ်ဟမ်းဘက်သို့ ဂိုးသွင်းယူစဉ်။
(ထိုပွဲတွင် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။)

ခြေစွမ်းခြင်းကွာဟမှုကလည်း ရှိနေပြန်ရာ ပို့စ်မောက်အသင်းအနေဖြင့် အာဆင်နယ်ကိုတော့ ကျော်ဖြတ်နိုင်ရန် လွယ်တော့မည်မထင်တော့။ အာဆင်နယ်ပဲနိုင်ဖို့ များနေသည်။

အက်ဖ်အေဖလား၌ ပို့စ်မောက်ဖြတ်သန်းမှု

တတိယအဆင့်	ပို့စ်မောက်	၂-၁	ဘလက်ဘန်း
စတုတ္ထအဆင့်	ပို့စ်မောက်	၂-၁	စကန်းသော့ပ်
ပဉ္စမအဆင့်	လီဗာပူး	၁-၁	ပို့စ်မောက်
(ပြန်ကစား)	ပို့စ်မောက်	၁-၀	လီဗာပူး

အာဆင်နယ်၏ဖြတ်သန်းမှု

တတိယအဆင့်	လိဗ်စ်ဒ်	၁-၄	အာဆင်နယ်
စတုတ္ထအဆင့်	အာဆင်နယ်	၄-၁	မစ်ဒယ်ဘရော့
ပဉ္စမအဆင့်	အာဆင်နယ်	၂-၁	ချယ်လ်ဆီး

မန်ယူ-ဖူလ်ဟမ်း

မန်ယူ သည်ရာသီ၌ ဖူလ်ဟမ်းကို မနိုင်ဘူးသေး။ ပရီမီယာရှစ် အိမ်ကွင်း၌ ၃-၁ ဖြင့် ရှုံးပြီး အဝေးကွင်း၌ ၁-၁ သရေကျထားသည်။ ဖူလ်ဟမ်းက မန်ယူရောက် ဆာဟာက သရေပွဲ၌တစ်ဂိုးသွင်းထားရာ ဖူလ်ဟမ်းအတွက် မခံချင်စရာ ဖြစ်နေသည်။ မန်ယူမှာမူ လောလောဆယ်၌ အနီးစပ်ဆုံးရနိုင်သည့် ဖလားတစ်လုံးအဖြစ် အက်ဖ်အေပွဲသာရှိနေသည်။ ထို့ကြောင့် ယခုပွဲကို အင်အားပြည့်သုံးမည် ထင်သည်။ ချန်ပီယံလိဂ်ပွဲ ရှိနေသော်လည်း ဖာဂူဆန် သိပ်ပြီး အဆန်းထွင်ရဲမည်မထင်။ ဖူလ်ဟမ်းကို နိုင်လည်း မနိုင်ဘူးသေးရာ ယခုပွဲ၌ အနိုင်ကစားပြပြီး ဆီမီးတက်ချင်ပေလိမ့်မည်။ မန်ယူအသင်းအနေဖြင့် ခံစစ်၌ အိုရှီးယား ပြန်ဝင်လာ၍ ငြိမ်သလိုတော့ ရှိနေသည်။ တိုက်စစ်၌ ဆာဟာခြေမှန်နေသော်လည်း နစ္စတယ်ရွိုင်း ပုံမှန်အောက်တော့ နည်းနည်းရောက်နေသည်။ သို့သော် မန်ယူတိုက်စစ်ကတော့ စိတ်ချထား၍ ရနေသည်။ အရေးကြီးသည်က ချန်ပီယံလိဂ် ပေါ်တိုနှင့်ပွဲအတွက် ခြေချန် ထား မထားဆိုသည်ပင်ဖြစ်သည်။ ဖူလ်ဟမ်းကတော့ ချန်ပီယံလိဂ်နွဲ့ဖို့ ရှိနေသည့်အချက်ကို အခွင့်ကောင်းယူလိမ့်မည်။ အိုးလ်ထရက်ဖို့ဒ်၌ မန်ယူကို ခပ်မာမာတုံ့ပြန်ကစားဖို့ များနေသည်။ ဆာဟာမရှိလည်း တိုက်စစ်ထက်မြက်နေဆဲဖြစ်ကြောင်း ဖာဂူဆန်ကို သက်သေပြလိုလိမ့်မည်ဖြစ်ရာ ဖူလ်ဟမ်း၏ မာမာတင်းတင်း တုံ့ပြန်မှုက မန်ယူကို အခက်တွေ့စေနိုင်သည်။ မန်ယူသာ ဖူလ်ဟမ်းကို ရဲရဲမတုံ့ပြန်မိပါက သည်ပွဲ၌ အနိုင်ရရေး ခက်သွားလိမ့်မည်။ သို့ပေမယ့် လက်နားရောက်နေသည့် ဖလားတစ်လုံးကို မန်ယူတို့ အပြုတ်ကျခံလိမ့်မည်ဟု မထင်မိ။ ထို့ကြောင့် ဖူလ်ဟမ်းကိုမန်ယူတို့ ရဲရဲတင်းတင်းပြန်ရင်ဆိုင်ပြီးအနိုင်ယူသွားလိမ့်မည် ထင်မိသည်။

မန်ယူ၏ဖြတ်သန်းမှု

တတိယအဆင့်	ဗီလာ	၁-၂	မန်ယူ
စတုတ္ထအဆင့်	နော့သမ်တန်	၀-၃	မန်ယူ
ပဉ္စမအဆင့်	မန်ယူ	၄-၂	မန်စီးတီး

ဖူလ်ဟမ်း၏ဖြတ်သန်းမှု

တတိယအဆင့်	ဖူလ်ဟမ်း	၂-၁	ချယ်လ်တင်ဟမ်
စတုတ္ထအဆင့်	အဲဗာတန်	၁-၁	ဖူလ်ဟမ်း
(ပြန်ကစားပွဲ)	ဖူလ်ဟမ်း	၂-၁	အဲဗာတန်

(၁-၁ သရေကျနေသဖြင့် အချိန်ပိုဆက်ကစားမှ ဖူလ်ဟမ်း အနိုင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။)

ပဉ္စမအဆင့်	ဖူလ်ဟမ်း	၀-၀	ဝက်စ်ဟမ်း
ပြန်ကစားပွဲ	ဝက်စ်ဟမ်း	၀-၃	ဖူလ်ဟမ်း

မီဝေါလ်-ထရန်မီယာ

မီဝေါလ်က ပထမတန်းမှဖြစ်ပြီး ထရန်မီယာက ဒုတိယတန်းမှအသင်း ဖြစ်သည်။ မီဝေါလ်မှာ ပထမတန်းတွင် အလယ်အလတ်၌ ရပ်တည်နေသော်လည်း ထရန်မီယာမှာမူ ဒုတိယတန်း၌ရှန်းကန်နေရသော အသင်းဖြစ်နေရာ အိမ်ရှင်မီဝေါလ်အခွင့်အရေးသာနိုင်သည်။ သို့သော် ထရန်မီယာမှာ အသင်းကြီးများကို ပိတ်ဆို့ကစားတတ်ရာ မီဝေါလ်ကို သရေရအောင် ခံကန်နိုင်စွမ်းရှိနေသည်။

မီဝေါလ်၏ဖြတ်သန်းမှု

တတိယအဆင့်	မီဝေါလ်	၂-၁	ဝေါဆော
စတုတ္ထအဆင့်	တဲလ်ဖို့ဒ်	၀-၂	မီဝေါလ်
ပဉ္စမအဆင့်	မီဝေါလ်	၁-၀	ဘန်လေ

ထရန်မီယာ၏ဖြတ်သန်းမှု

တတိယအဆင့်	ထန်ရန်မီယာ	၁-၁	ဘော်လ်တန်
ပြန်ကစားပွဲ	ဘော်လ်တန်	၁-၂	ထရန်မီယာ
စတုတ္ထအဆင့်	လူတန်	၀-၁	ထရန်မီယာ
ပဉ္စမအဆင့်	ထရန်မီယာ	၂-၁	ဆွမ်ဆီး

ဆန်းဒါလန်း-ရှက်ဖီးယူနိုက်တက်

ပထမတန်း နှစ်သင်းစလုံး၏ခြေစွမ်းမှာ သိပ်မကွာလှ။ တစ်သင်းအကြောင်းလည်း တစ်သင်းသိနေကြရာ အကြိတ်အနယ်ရှိနိုင်သည့် ပွဲဖြစ်သည်။ အက်ဖ်အေပွဲ၌ အတွေ့အကြုံပိုများသည့် ရှက်ဖီးကို ပိုအကြိုက်တွေ့မိသည်။

ဆန်းဒါလန်း၏ဖြတ်သန်းမှု

တတိယအဆင့်	ဆန်းဒါလန်း	၁-၀	ဟာက်ဒယ်ပူး
စတုတ္ထအဆင့်	အစ်ပ်ဆွစ်ချ်	၁-၂	ဆန်းဒါလန်း
ပဉ္စမအဆင့်	ဆန်းဒါလန်း	၁-၁	ဘာမင်ဂမ်
(ပြန်ကစားပွဲ)	ဘာမင်ဂမ်	၀-၂	ဆန်းဒါလန်း

(၀-၀ သရေဖြစ်နေ၍ အချိန်ပိုဆက်လက်ကစားရာ အချိန်ပို၌ ဆန်းဒါလန်း နှစ်ဂိုးသွင်းပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။)

ရှက်ဖီးယူနိုက်တက်၏ဖြတ်သန်းမှု

တတိယအဆင့်	ကာဒစ်	၀-၁	ရှက်ဖီး
စတုတ္ထအဆင့်	ဖော်ရက်စ်	၀-၃	ရှက်ဖီး
ပဉ္စမအဆင့်	ရှက်ဖီး	၁-၀	ကိုချက်စတာ

(မြန်မာ့အလင်း)

အမျိုးသားအကောင်းဆုံး အားကစားသမားဆု၊ အမျိုးသမီး အကောင်းဆုံး အားကစားသမားဆု အမျိုးသားပထမ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုများ ရရှိထားသည့် ရန်ကုန်တိုင်း အမျိုးသား၊အမျိုးသမီး စက်ဘီးအသင်းအား အုပ်ချုပ်သူ၊နည်းပြများနှင့်အတူ တွေ့ရစဉ်။(မြန်မာ့အလင်း)

အထက(၄)တာမွေ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၄

အထက(၄)တာမွေတွင် ၁၉၆၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူဟောင်းများ ကြီးမှူး၍ မတ် ၂၁ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် မြတ်ပန်းသဇင်ခန်းမ၌ အသက်(၆၀)နှင့်အထက် ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာမများအား ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများသည် ဒေါ်လှစိန် ဖုန်း- ၅၇၃၃၇၂၊ ဒေါ်မြင့်မြင့်ဆွေ ဖုန်း- ၅၄၅၆၉၉၊ ဒေါ်ခင်အေးမော် ဖုန်း- ၂၉၅၇၈၄၊ ဒေါ်လဲ့လဲ့ဝင်းဆွေ ဖုန်း- ၂၉၈၆၈၃ နှင့် ဒေါ်စုစုစိန် ဖုန်း- ၅၄၂၆၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၃ ရက်က အလုံမြို့နယ် အလက(၃) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ လှူဒါန်းသည့် ကွန်ပျူတာတစ်လုံးအား ကျောင်းအုပ်ဆရာကြီးက လက်ခံရယူစဉ်။(က-ပ)

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ကုန်စည်ပြပွဲတက်ရန် ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် မတ် ၄

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ Vietnan Chambers of Commerce & Industry (VCCI) နှင့် Greater Mekong Subregion Business Fourm (GMS-BF) တို့ကြီးမှူး၍ မတ် ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည့် I st GMS Trade Fair ကုန်စည်ပြပွဲနှင့် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ပြုလုပ်မည့် Management Training on Trade Facilities Courseသင်တန်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်ရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ GMS- BF ဥက္ကဋ္ဌ ဦးဝင်းအောင် ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးတို့သည် ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

(၆)ကြိမ်မြောက် အာရှဂူရှုး တံခွန်စိုက်ပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

သတင်းဆောင်းပါး–ကိုထွေး

"ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပရိသတ်ရှေ့မှောက်၌ ယှဉ်ပြိုင်ရမည် ဖြစ်၍ အောင်မြင်မှုရရှိရန် ယခင်ပြိုင်ပွဲများကထက် ပိုမိုအားစိုက်ဆောင်ရွက်လျက်ရှိပါတယ်။"

ဦးခင်မောင်လေး
မြန်မာနိုင်ငံ
ဂူရှုးအဖွဲ့ချုပ်ဥက္ကဋ္ဌ
(မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

၂၀၀၄ခုနှစ် (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည်။ (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံ ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ လာမည့် နိုဝင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အာရှဂူရှုးအဖွဲ့ချုပ်ဝင် နိုင်ငံပေါင်း၃၀ ခန့်မှ အားကစား သမားပေါင်း၄၀၀ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အာရှ ဂူရှုးတံခွန်စိုက် ပြိုင်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပလျက်ရှိရာ ယခုဆိုလျှင် ပြိုင်ပွဲသက်တမ်း(၂၄)နှစ်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ်သည် ၁၉၉၃ခုနှစ် နိုဝင်ဘာလတွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၆ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပသည့် (၄)ကြိမ်မြောက် အာရှဂူရှုး တံခွန်စိုက်ပြိုင်ပွဲ၌ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့်(၇)တစ်ဦး ရရှိခဲ့သည်။ ၂၀၀၀ပြည့်နှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၅)ကြိမ်မြောက် ပြိုင်ပွဲတွင် ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်ခြောက်ခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိပြီး အာရှအဆင့်ကို ပထမဆုံး အကြိမ် တက်လှမ်းနိုင်ခဲ့သည်။

၂၀၀၄ခုနှစ် (၆)ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ကို ၂၀၀၁ခုနှစ်မတ်လ၌ကျင်းပသည့် အာရှဂူရှုးအဖွဲ့ချုပ်အလုပ်အမှုဆောင်အစည်းအဝေးတွင် ကန့်ကွက်မဲမရှိ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့်ရရှိရေးအတွက် လေးနိုင်ငံအဆိုတင်သွင်းခဲ့သည့်အနက်မှ မြန်မာနိုင်ငံက ရွေးချယ်ခံရခြင်းဖြစ်သည်။မြန်မာနိုင်ငံ၌အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ အာရှဂူရှုးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည်၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၈ရက်မှ၁၂ရက်အထိ မြန်မာနိုင်ငံသို့လာရောက်၍ ကြိုတင်ပြင်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် အာရှဂူရှုးအဖွဲ့ချုပ်မှတာဝန်ရှိသူများထဲတွင် အာရှဂူရှုးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyukei Murooka (ဂျပန်)၊ အာရှ ဂူရှုးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး Mrs. Li Yapei (တရုတ်)၊ အာရှဂူရှုးအဖွဲ့ချုပ် (တရုတ်)၊ အာရှဂူရှုးအဖွဲ့ချုပ်နည်းစနစ်ကော်မတီ ဥက္ကဋ္ဌ Mr. Chen Gudong (တရုတ်)နှင့် ကမ္ဘာ့ဂူရှုးအဖွဲ့ချုပ် နည်းစနစ်ပိုင်း ကော်မတီဝင်Mr. Yosuhiko Ishihara (ဂျပန်)တို့ လိုက်ပါလာကြသည်။

အာရှ ဂူရှုးအဖွဲ့ချုပ်မှ အဖွဲ့ဝင်လေးဦးပါဝင်သော အဖွဲ့သည် ဂူရှုးပြိုင်ပွဲကျင်းပမည့်အားကစားရုံ၊ ပြိုင်ပွဲဝင် အားကစားသမားများ တည်းခိုရမည့် ဟိုတယ်များနှင့် လေ့ကျင့်ရေးစခန်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ အာရှဂူရှုးအဖွဲ့ချုပ်မှတာဝန်ရှိသူများအနက် တာဝန်အရှိဆုံးဖြစ်သည့် အာရှဂူရှုးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyukei Murooka(ဂျပန်)က (၆)ကြိမ်မြောက်ပြိုင်ပွဲကိုလက်ခံကျင်းပမည့် မြန်မာနိုင်ငံမှ အားကစားရုံသည်(၂၄)နှစ်အတွင်း လက်ခံကျင်းပခဲ့သည့် ဂူရှုးအားကစားရုံများ အနက် အကောင်းဆုံး အားကစားရုံဖြစ်သည်ဟု မှတ်ချက်ပြုပြောကြားသွားခဲ့သည်။ ယခင်က တောင်ကိုရီးယားရှိ ဂူရှုးပြိုင်ပွဲ ကျင်းပသည့် အားကစားရုံကို အကောင်းဆုံးဟု မှတ်ချက်ပေးခဲ့သော်လည်း ယခုအခါ မြန်မာနိုင်ငံရှိပြိုင်ပွဲကျင်းပမည့်အားကစားရုံက အကောင်းဆုံးဖြစ်လာ၍ တောင်ကိုရီးယားက ဒုတိယ အကောင်းဆုံး အားကစားရုံအဖြစ်သာ သတ်မှတ်ခြင်းခံရသည်။

မြန်မာနိုင်ငံ၌ ကျင်းပမည့် (၆)ကြိမ်မြောက်ပြိုင်ပွဲသည် ပြိုင်ပွဲဝင်နိုင်ငံအများဆုံးနှင့် ပြိုင်ပွဲဝင်ဦးရေအများဆုံးပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဖြစ်မည်ဟုလည်း အာရှဂူရှုးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Kyukei Murooka (ဂျပန်)က မှတ်ချက်ပြု ပြောကြားခဲ့

"ပြိုင်ပွဲဝင် နိုင်ငံအများဆုံးနှင့် ပြိုင်ပွဲဝင်ဦးရေအများဆုံး ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဖြစ်မည်။"

Mr. Kyukei Murooka (ဂျပန်)
အာရှဂူရှုးအဖွဲ့ချုပ်
အထွေထွေအတွင်းရေးမှူး
(မြန်မာ့အလင်း)

သည်။ အာရှဂူရှုးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ပြောကြားရာတွင် မြန်မာနိုင်ငံ၌ ပြိုင်ပွဲကျင်းပမည့်ကာလအတွင်းပြိုင်ပွဲဝင်အရေအတွက် ၄၀၀ ခန့် လာရောက်ဖွယ်ရှိသည်ဟုလည်း ခန့်မှန်း ပြောဆိုသွားသည်။

မြန်မာနိုင်ငံ၌ (၆)ကြိမ်မြောက် အာရှဂူရှုး တံခွန်စိုက်ပြိုင်ပွဲ ကျင်းပသည့် ကာလအတွင်း ကမ္ဘာ့ဂူရှုးအဖွဲ့ချုပ် အလုပ်အမှုဆောင်အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။ ကမ္ဘာ့ဂူရှုးအဖွဲ့ချုပ် အလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်၁၅ဦး ပါဝင်ရာ အာရှတိုက်နိုင်ငံများမှ ခုနစ်ဦးနှင့် အာရှတိုက် မဟုတ်သည့်နိုင်ငံများမှ ရှစ်ဦး ပါဝင်သည်။ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ်သည် (၆)ကြိမ်မြောက်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အထူးတလည် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဂူရှုး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခင်မောင်လေးက "အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲကို လက်ခံကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ ပြိုင်ပွဲအမျိုးအစားအနေဖြင့် ထောက်လုအားကစားနည်း၌ ၂၂မျိုး၊ ဆန်းဆိုအားကစားနည်း၌ ၁၅မျိုး ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဂူရှုးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲအမျိုးအစားနှစ်ခုစလုံးတွင် တန်းပြည့်ပါဝင် ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း၊ (၆) ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ၂၀၀၄ခုနှစ် မတ်လမှစတင်၍ တရုတ်နိုင်ငံသို့ အားကစားသမားများစေလွှတ်၍ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊၂၀၀၄ခုနှစ်နိုဝင်ဘာလ၌ ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ရှစ်လခန့်ကြိုတင် စေလွှတ်ခြင်းဖြစ်ကြောင်း၊ ယခင်က လက်ရွေးစင်များကိုသာ ကြိုတင်စေလွှတ်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါအရန်အားကစားသမားများကိုပါကြိုတင်စေလွှတ်လေ့ကျင့်စေမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသို့ ကြိုတင်စေလွှတ်မည့် အားကစားသမားများထဲတွင်ဆန်းဆိုအားကစားနည်းအတွက် ၂၀ခန့်၊ ထောက်လု အားကစားနည်းအတွက် ၁၃ဦးခန့်နှင့် မျိုးဆက်သစ်များအပါအဝင်စုစုပေါင်း၄၀ခန့် ပါဝင်မည်ဖြစ်ကြောင်း၊အဆိုပါအားကစားသမား ၄၀ကို တစ်နေရာ တည်းသို့ စေလွှတ်မည်မဟုတ်ဘဲ တရုတ်နိုင်ငံရှိ သက်ဆိုင်ရာ အားကစားနည်းအလိုက် အကောင်းဆုံးဖြစ်မည့် ပြည်နယ်များသို့ ခွဲ၍ စေလွှတ် လေ့ကျင့်စေမှာဖြစ်ကြောင်း၊ ယခုပြိုင်ပွဲမှာ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပရိသတ် ရှေ့မှောက်၌ ယှဉ်ပြိုင်ရမည်ဖြစ်၍ အောင်မြင်မှု ရရှိရန် ယခင်ပြိုင်ပွဲများကထက် ပိုမိုအားစိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တရုတ်နိုင်ငံသို့ ကြိုတင်သွားရောက် လေ့ကျင့်မှုများသည် (၆) ကြိမ်မြောက် အာရှဂူရှုးတံခွန်စိုက်ပြိုင်ပွဲ၌အောင်မြင်ရေးအတွက်သာမကဘဲ ၂၀၀၅ခုနှစ်အတွင်း ကျင်းပမည့်နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးအတွက်ပါ အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

မြန်မာနိုင်ငံ ဂူရှုးအားကစားအဖွဲ့ချုပ်သည် ၁၉၉၃ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့ရာ ၂၀၀၃ခုနှစ်အထိ၁၀နှစ်တာကာလတိုအတွင်းကမ္ဘာ့ဂူရှုးအဖွဲ့ချုပ်ဝင် နိုင်ငံပေါင်း ၉၇နိုင်ငံကြားတွင် 'မြန်မာဟေ့'ဟု ဝင့်ကြွားကာ နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ်သည် ၁၉၉၅ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲပေါင်း ၁၂ ခု၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် ၂၈ခု၊ ငွေတံဆိပ် ၃၃ခု၊ ကြေးတံဆိပ် ၃၆ခု စုစုပေါင်းဆုတံဆိပ် ၉၇ခုရရှိထားပြီးဖြစ်ကြောင်းဖော်ပြလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာရှ ဂူရှုးတံခွန်စိုက် ပြိုင်ပွဲ၏ ကြိုတင်ပြင်ဆင်မှုများကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည့် အာရှဂူရှုး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဂူရှုးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြစဉ်။
(မြန်မာ့အလင်း)

မြန်မာ့အာမခံလုပ်ငန်း မူဆယ်ခရိုင်ရုံး အဆောက်အအုံသစ်ဖွင့်

ရန်ကုန် မတ် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်း မူဆယ်ခရိုင်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၉နာရီက မူဆယ်မြို့၌ကျင်းပသည်။

အခမ်းအနားတွင် ရှေ့ဦးစွာ ခရိုင်ရုံးအဆောက်အအုံသစ်ရှေ့၌ နေရာယူပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသိန်းလွင်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လက်ရှိနယ်မြေအတွင်း ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိသည့် အာမခံအကာအကွယ်အသီးသီးနှင့် အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်သူများက အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူအသင်း(ရန်ကုန်)ဂုဏ်ပူဇော်ပွဲ

ရန်ကုန် မတ် ၄

ပခုက္ကူခရိုင်အတွင်းမှ၂၀၀၄ခုနှစ်တွင် သာသနာရေးဆိုင်ရာတိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ ဆရာတော်တစ်ပါး၊ အပါအဝင် ဘွဲ့ရဆရာတော်ခုနစ်ပါးနှင့်သီလရှင်နှစ်ပါးတို့အား ပခုက္ကူအသင်း(ရန်ကုန်)မှ ဂုဏ်ပူဇော်ပွဲကို မတ် ၇ရက် မွန်းလွဲ၁နာရီတွင် သိမ်ကြီးဈေး မဟာသိမ်တော်ကြီးကျောင်းတိုက်၌ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်း ဖုန်း–၅၃၅၄၉၆၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း–၂၈၄၇၇၃၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း–၆၄၂၄၄၅၊ အတွင်းရေးမှူး ဦးချစ်လှိုင် ဖုန်း–၃၇၂၃၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကျွေးမွေး လှူဒါန်း

ဖေဖော်ဝါရီ ၅ရက်က ယုဇနဥယျာဉ်မြို့တော် အိမ်ရာနေ ဦးလှကြည်နှင့် မိသားစုက ၎င်း၏ မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရွှေသံလွင်ဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအား တစ်နေ့တာ ကျွေးမွေး လှူဒါန်းစဉ်။
(က–ပ)

မြမဥ္ဇူလေးဆုရှင်ဘုရားပုဗ္ဗပူဇနီယပွဲကျင်းပမည်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ဗြဟ္မဝိဟာရ ကျောင်းတိုက် ကံ့ကော်(၁၀၀၀) မြိုင်နန်းရှိ မြမဥ္ဇူလေးဆုရှင်ဘုရား**(ယာပုံ)**ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပနိုင်ရေးနှင့် ဗြဟ္မဝိဟာရကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂဝံသ ၏(၇၄)နှစ်ပြည့်ဝိဇာတအလှူတော်မင်္ဂလာကျင်းပ နိုင်ရေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးပွဲကို ဖေဖော်ဝါရီ ၂၃ ရက်က ရွှေကျီးသာဗိမာန် ဆွမ်းစားကျောင်းတော်ကြီးတွင် ကျင်းပသည်။

ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တပ်နယ်မှ အရာရှိ အရာခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆို၍ ဘုရားကန်တော့ကာ အခမ်းအနားဖွင့်လှစ်ပြီး ဆရာတော်ကြီး ဘဒ္ဒန္တ အဂ္ဂဝံသက အခမ်းအနားဖွင့်သြဝါဒစကားမိန့်ကြားကာ တက်ရောက်လာကြသူများနှင့် အပြန်အလှန်ဆွေးနွေးလျှောက်ထားညှိနှိုင်းကြရာ မြမဥ္ဇူလေးဆုရှင်ဘုရားဗုဒ္ဓပူဇနီယပွဲတော်ကို တပေါင်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း အတည်ပြု၍ စီရံတိဋ္ဌတု ပြိုင်တူ သုံးကြိမ်ရွတ်ဆို၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (၂၈၀)



မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၉

မြို့မဈေးမီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၇ ရက်ကဧရာဝတီတိုင်းကျောင်းကုန်းမြို့နယ် မြို့နယ်စည်ပင်သာယာရေး မြို့မဈေးလမ်းဘေးရှိ လမ်းပေါ်တွင် လက်တွေ့မီးငြိမ်းသတ်မှုပြသရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ စုပေါင်း၍လက်တွေ့သရုပ်ပြလေ့ကျင့်ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဆွေးနွေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများထားရှိရေး၊ ရေကန်များတွင် ရေများအသင့်ဖြည့်ပြီးထားရှိရေး၊ မြို့နယ်စည်ပင်သာယာရေးပိုင် လက်ဆွဲမီးသတ်စက်ကြံ့ခိုင်ရေး၊ စနစ်တကျထားရှိရေး၊ မီးသတ်ပိုက်များ စနစ်တကျထားရှိရေး၊ လိုအပ်ပါက မီးသတ်စက်နှင့် မြို့မဈေး မီးသတ်တပ်ဖွဲ့ဝင်များ အမြဲလေ့ကျင့် ကြရန်လိုကြောင်း၊ စိစစ်ကြည့်ရှုမှာကြားပြီး မြို့မဈေးအတွင်း၊ အပြင်နှင့်လမ်းဘေးဝဲယာတစ်လျှောက် မီးလောင်လွယ်ကူစေသည့်ပစ္စည်းများ နေ့စဉ်ရှင်းလင်းထားရှိကြရန်နှင့် အပတ်စဉ် စစ်ဆေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပဉ္စမအကြိမ်မြောက် ဓမ္မာစရိယစာဝါသင်တန်းပို့ချမည်

ကြံခင်း ဖေဖော်ဝါရီ ၂၅

ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက်၌ နွေရာသီဓမ္မာစရိယသင်တန်းကို (၁၃၆၆ ခုနှစ် ကဆုန်လဆန်း ၅ ရက်) ၂၃-၄-၂၀၀၄မှ (နယုန်လပြည့်နေ့) ၂-၆-၂၀၀၄ထိ ကျင်းပမည်ဖြစ်သည်။

သင်တန်းပို့ချမည့် ဆရာတော်များမှာ မန္တလေးမြို့ ဘုရားကြီးကျောင်းတိုက် ဆင်မင်းကျောင်း စာချဆရာတော် ဘဒ္ဒန္တ အာနန္ဒာမယာဘိဝံသနှင့် ဦးဇောတိက(ဓမ္မာစရိယ)၊ ဦးဣန္ဒသရိယ(ဓမ္မာစရိယ)တို့ဖြစ်ကြသည်။

သင်တန်းတက်ရောက်သင်ကြားလိုသော အရှင်မြတ်များသည် တန်ခူးလပြည့်နေ့နောက်ဆုံးထား၍ ဧရာဝတီတိုင်း ကြံခင်းမြို့ နဝင်းဂုဏ်ကျောင်းတိုက် ဆရာတော် ဦးဣန္ဒသရိယထံသို့ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၇ ရက်က သုံးခွမြို့ မြို့လယ်ရှေးဟောင်း သမိုင်းဝင်ကျက်သရေဆောင် ရှစ်မျက်နှာစေတီတော်မြတ်ကြီးဘက်စုံ ပြုပြင်ရန် ဗိုလ်မှူးချုပ် စိန်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း မိသားစုတို့က တိုက်အမှတ်(၆) ဂန့်ဂေါ်မြိုင်လမ်း စုပေါင်းအိမ်ရာ သုဝဏ္ဏမြို့ ရန်ကုန်တိုင်းမှ အလှူငွေကျပ် တစ်သိန်းကို ရှစ်မျက်နှာ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင်က လက်ခံစဉ်။ (၁၃၇)

ဖေဖော်ဝါရီ ၂၄ ရက်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာတွင် အလှူရှင်ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်တို့က လှူဒါန်းသည့် အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးညီဝင်း၊ အလှူရှင်ဦးလှမြင့်ဆွေနှင့် ကုက္ကိုခွကျေးရွာဥက္ကဋ္ဌဦးဝင်းကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(က-ပ)

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

စဉ့်ကိုင် ဖေဖော်ဝါရီ ၂၄

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စဉ့်ကိုင်မြို့နယ် ကံသစ်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၂)ဦးသန်းနိုင်က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ဆက်လက်၍ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သန်းသန်းက အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးနိုင်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အလှူရှင်များနှင့် စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကော့ကရိတ်မြို့ ပိတောက်လမ်းကတ္တရာလမ်းဖွင့်

ကော့ကရိတ် ဖေဖော်ဝါရီ ၂၃

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်မြို့ပြ ပိတောက်လမ်း (ကတ္တရာ)လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က အမှတ်(၇)ရပ်ကွက် ပိတောက်လမ်းတွင် ကျင်းပရာကော့ကရိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းမောင်၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်

အခမ်းအနားတွင် လမ်းကို မြို့နယ်ဥက္ကဋ္ဌဦးထွန်းဝင်းနှင့် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)** (၀၂၄)

မြန်မာ့အသံ

၆-၃-၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ

နေ့လယ်ပိုင်း

၀၉း၃၀ ခေတ်ပေါ်တေး
၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (ဓီဝခာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားသုံးယူပုံအကြောင်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း(တကယ့်ရတနာ) (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများအတွက်အင်္ဂလိပ်စာ
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီပထမဝိဝင်သင်ပြနည်း)

ညနေပိုင်း

၁၆း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ အထူးအစီအစဉ် (သင်္ချာ)
၁၇း၀၀ ဆို၊ က၊ ရေး၊ တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့် မနှင်းအေးဝေတို့၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာရေးသတိအမြဲရှိ) (ဦးဉာဏ်ထွန်း)
၁၈း၁၅ ဟောပြောချက် (နိုင်ငံတော်ကာကွယ်ရေးနှင့် တပ်မတော်အစဉ်အလာ)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅ တေးပုလဲကိုဘမြင့်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် အနိုင်၊ ရာသက်ခိုင်နှင့် ဇေယျာနိုင်တို့ရဲ့ အချစ်စောင်းညို့ရှင်စီးရီး
၂၀း၃၀ အင်္ဂလိပ်စကားပြောသင်ခန်းစာ (Working Knowledge)
၂၀း၄၀ တေးသံစုံ (မြန်မာ့အသံခေတ်ပေါ်တေးဂီတ)

ကျိုက်လတ်မြို့ အမှတ်(၁၃)ဖွဲ့နှံဆီစက်တွင် ဖေဖော်ဝါရီ ၁၉ ရက်က လက်တွေ့မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးမိုးသင်းနှင့် တပ်ဖွဲ့ဝင်များ၊ စက်ရုံမှူး ဦးလှဝေနှင့် စက်ရုံအရန်မီးသတ်တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် ၁၁ လမ်းအမက၏ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြောက်ဥက္ကလာပ ဆရာတော်ဦးသြဘာသ၏ (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ပထမဆင့်(က)တွင် ဒုတိယအကြိမ်မြောက် ရွှေတံဆိပ်ဆုနှင့် မြို့နယ်စတုတ္ထတန်း ထူးချွန်ထက်မြက်စာမေးပွဲတွင် ပထမဆုရ မမေဖူးသွယ်အား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၊ ကျန်စစ်သားလမ်း အမှတ် (၃၉၅-၃၉၈)နေ
ဦးကြီးမြင့် (Chairman, Tiger Black Head Group)-ဒေါ်ရီရီတို့၏
တစ်ဦးတည်းသောသား

မောင်ဇော်ထွန်းနိုင်

IDCS,IAD(NCC,UK)
Final Year, Bachelor of Information Technology
(University of Southern Queensland, Australia)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ် မင်္ဂလာလမ်း အမှတ် ၃၈၅ (A)နေ
ဦးမြင့်သန်း(Representative , FMR Trading s.r.l , Italy)-ဒေါ်ခင်စောသိမ်း
တို့၏ သမီးငယ်

မတင်ထိပ်ထိပ်မြင့်သန်း

B.Sc (Hons) M.Sc(Thesis) Zoology
IDCS,IAD (NCC,UK)
Bachelor of Information Technology
(University of Southern Queensland, Australia)
USQ Representative (Myanmar)

တို့သည် ၁၅-၂-၂၀၀၄ရက်တွင် Sedona Hotel၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများ၏ ရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ထွန်းနိုင်-မတင်ထိပ်ထိပ်မြင့်သန်း

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ ၂၃-၁-၂၀၀၄ တွင် Inya Lake Hotel၌ ပြုလုပ်သော စေ့စပ်ပွဲတွင် သြဝါဒစကားပြောကြားပေးသော ဦးလှငွေဝင်းနှင့် ဦးတင်အောင်ဆွေ၊ စေ့စပ်လက်စွပ် ချီးမြှင့်ပေးသော ဦးကြည်ဝင်းနှင့်ဇနီးဒေါ်ခင်လှတို့အားလည်းကောင်း၊ ၁၁-၂-၂၀၀၄ တွင် ဗဟိုတရားရုံး၌ မင်္ဂလာလက်မှတ် ရေးထိုးထိမ်းမြားပေးသော တရားရုံးချုပ်တရားသူကြီးဒေါက်တာတင်အောင်အေးနှင့် အသိသက်သေအဖြစ် ဆောင်ရွက်ပေးသော ဦးစိန်လှိုင်နှင့်ဦးမြဘူးတို့အား လည်းကောင်း၊ ၁၅-၂-၂၀၀၄ ရက်တွင် Sedona Hotel၌ ပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဦးဝင်းမောင် (Chairman, T.Z Trading Enterprise Ltd.)နှင့်ဇနီး ဒေါ်တင်တင်အေး၊ မင်္ဂလာလက်စွပ် ချီးမြှင့်ပေးသော အငြိမ်းစားဝန်ကြီး ဦးပန်းအောင်နှင့်ဇနီး ဒေါ်ညွှန့်ညွှန့်လွင်တို့အားလည်းကောင်း၊ မင်္ဂလာရတု ရေးစပ်သီကုံးပေးသော မြန်မာနိုင်ငံဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဟသ်ာတဦးမြင့်ငွေနှင့်ဇနီး ဒေါ်ချိုချိုလတ်၊ မင်္ဂလာအခါတော်ပေးသီချင်းနှင့် မင်္ဂလာရတု သီဆိုပေးသော တေးသံရှင် စိုးစန္ဒာထွန်း တို့အားလည်းကောင်း၊ မင်္ဂလာအစီအစဉ်တွင် ကူညီဆောင်ရွက်ပေးသော မမြင့်သီရိဇော်၊ မခင်ခင်လင်း၊ မခင်စန္ဒာလင်းနှင့် မမေဖြိုးဝေလင်းတို့အား လည်းကောင်း၊ မင်္ဂလာသတို့သားအရန် မောင်လှမျိုးမင်းနှင့် မင်္ဂလာသတို့သမီးအရန် မလှလေးစိန် တို့အားလည်းကောင်း၊ စိုင်းဘုန်းထူး (ဗီဒီယို)၊ မိတ်ကပ်အောင်အောင်၊ မမွှေ(အင်းလျားလမ်း) တို့နှင့် ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့်သူငယ်ချင်း အပေါင်းအသင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်ထွန်းနိုင်-မတင်ထိပ်ထိပ်မြင့်သန်း။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာ ခန့်ထားရန်၊ လစာငွေကျပ်ဖြင့်သာ)

ငါးအအေးခန်းစက်ရုံတွင် ခန့်ထားရန် အောက်ပါဝန်ထမ်း အလိုရှိပါ သည်။

- လျှပ်စစ်ကျွမ်းကျင်သူ (ကျား) ၂ ဦး

(စက်ရုံတွင် နေထိုင်နိုင်သူကို ဦးစားပေးမည်။)

စိတ်ပါဝင်စားသူများသည် မိမိတို့၏ကိုယ်ရေးရာဇဝင်၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အောင်လက်မှတ်မိတ္တူနှင့်အတူ မျှော်မှန်းလစာ တို့ကိုဖော်ပြ၍ ကြော်ငြာပါသည့် နေ့မှ တစ်ပတ်အတွင်း အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

စင်-ရန်ကုန်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်
အမှတ် ၃၊ သိပ္ပံလမ်းနှင့် သံသုမာလမ်းထောင့်
(ဃ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

(မြို့ထဲမှ ၃၈ စီးပါက ဓေဘူလမှတ်တိုင်တွင် ဆင်းပါ)





ကျေးဇူးတင်ရှိခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန DMA (2002-2004) ကျောင်းသား ကျောင်းသူများ၏ မူဆယ်-ရွှေလီနယ်စပ်ဒေသ ကုန်သွယ်မှု လေ့လာရေးခရီးစဉ်(Feb 11-17)အတွက် အဘက်ဘက်မှကူညီခဲ့သော မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ မူဆယ်တွင် နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ အကြောင်းရှင်းလင်းပြသပေးခဲ့သော နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ ပြင်ဦးလွင်-လားရှိုး-မူဆယ် လမ်းတစ်လျှောက် Toll Gate များတွင် ဧည့်ခံကာ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ပြသရှင်းလင်းခဲ့သော Asia World Co., Ltd. မှ တာဝန်ရှိ ပုဂ္ဂိုလ်များအား လည်းကောင်း၊ မန္တလေး အင်းဝဟိုတယ်၊ ပြင်ဦးလွင် နန်းမြိုင်ဟိုတယ်၊ လားရှိုးမိုတယ်၊ မူဆယ်မိုတယ်တို့မှ ဝန်ထမ်းမိသားစုများအား လည်းကောင်း၊ New Motion Travelမှ ကိုထိုက်နှင့် ရွှေကမ္ဘာပို့ဆောင်ရေးမှ ဦးကျော်လွင်အား လည်းကောင်း၊ ခရီးစဉ်ဖြစ်မြောက်ရေးအတွက် ငွေကြေးအားဖြင့် ကူညီပံ့ပိုးပေးခဲ့ကြသော ကုမ္ပဏီအသီးသီးမှ လူကြီးမင်းများအားလည်းကောင်း၊ လှိုက်လှဲသော ကျေးဇူးဥပကာရဖြင့် နှလုံးဟဒယတွင် ကမ္ပည်းတင်အပ်ပါကြောင်း။

DMA (2002-2004)
စီမံခန့်ခွဲမှုပညာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ။

လူပျောက်ကြော်ငြာ

မသဲစုအောင်(အဖ)ဦးဟံရွှေ၊ နိုင်ငံသားစိစစ်ရေးအမှတ် ၆/လလန (နိုင်) ၀၉၃၇၈၄၊ အသက် ၁၆နှစ်သည် ထားဝယ်မြို့ ထိန်းတွင်းရွာ မိဘများနေအိမ်မှ ၈-၂-၂၀၀၄ရက် တွင်ထွက်သွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်နှင့် လက်ခံသွေးဆောင် ဖြားယောင်းထားသူအား တရားဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရန်လိပ်စာ- **ဒေါ်ဝင်းရီ**
၂၄၃၊ ၄၀ လမ်း၊ အလုံ၊ ဖုန်း- ၀၁-၂၂၇၈၇၀
ထင်ရှားသည့်အမှတ်သား-ဘယ်ဘက်မျက်စိထောင့်အပေါ်မှဲ့ရှိ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ အသက်(၈၅)နှစ်

ဒေါက်တာ ဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေး ဦးစီးဌာန)၊ ဒေါက်တာမေမာလာဆွေ(သားဖွားမီးယပ် အထူးကု ဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီး ဆေးရုံကြီး၊ ရန်ကုန်)တို့၏ မိခင်သည် ၁-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွား ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းကျန်းမာရေးဦးစီးဌာနမှူးနှင့်ဝန်ထမ်းမိသားစု(ပဲခူးတိုင်း)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ရီ အသက်(၈၅)နှစ်

Dr- ဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)- Dr-ဒေါ်မေမာလာဆွေ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး ရန်ကုန်)တို့၏ မိခင်ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။ **မန္တလေးတိုင်း၊ ကျန်းမာရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစု။**

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း ယာဉ်အမှတ် ၈/၃၀၂၀မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးလှမြင့် နိုင်ငံသား မှတ်ပုံတင်အမှတ် KWA-၀၁၄၀၁၀၈မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အရှေ့ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ခရိုင်ရုံး (အရှေ့ပိုင်း)**

ငှားရန် လသာ/၁၇လမ်း (အပေါ်လမ်း)၊ (တ)ထပ် Hall-$\frac{1}{3}$ ထပ်ခိုးရှိ၊ ကိုယ်ပိုင်ဖုန်း- ရေမီးစုံ၊ 12ပေခွဲ x ပေ50လခ(၁)သိန်း၊ ဖုန်း-၂၉၈၉၄၉၊ ၇၂၁၆၁၃ ပိုင်ရှင်နှင့်တိုက်ရိုက်ဆက်သွယ်နိုင်သည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြခင် (ပုသိမ်)
အသက်(၉၃)နှစ်

ပုသိမ်မြို့၊ ၂၈၊ မဟာစေတီလမ်း၊ ပန်းတင်ကုန်းရပ်နေ (ဦးဖိုးကျန်-ဒေါ်ငွေတင်)တို့၏သမီးကြီး၊ (ဦးမောင်ငွေ)၏ဇနီး၊ (ဦးစိုးမြင့်)-ဒေါ်ခင်မြင့်မြင့်၊ ကံ့ကော်ရွှေပြည် ဦးသန်းထွန်း(ဒါရိုက်တာ၊မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်၊ ဥက္ကဋ္ဌ-ပုသိမ်အသင်း)-ဒေါ်မြသွေး၊ (ဦးစိန်ငွေး)-ဒေါ်သန်းနွဲ့၊ ဦးစိုးမင်း-ဒေါ်ညွန့်စိန်၊ (ဦးတင်စိုး-ဒေါ်ခင်ခင်ညွန့်)၊ (ဦးလှစိုး)-ဒေါ်ရွှေစင်တို့၏မိခင်၊ မြေး ၂၇ ယောက်တို့၏အဘွား၊ မြစ် ၂၈ ယောက်တို့၏ ဘွားဘွားကြီးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသင် (သုံးခွ)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဆရာကြီးဦးစံမိုး၏ဇနီး၊ (ဦးပန်းအိ-ဒေါ်သဲညွန့်)တို့၏ သမီး၊ (ဆရာကြီး ဦးခို-ဒေါ်ငွေစိန်)တို့၏ညီမ၊ ဒေါ်သန်းသန်းနွဲ့-ဦးခင်မောင်မြ၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်ပြုံးကြည်၊ ဦးမောင်မောင်ဆင့်-ဒေါ်ဝင်းဝင်းသိန်း၊ ဒေါ်ခင်ခင်ဆင့်-ဦးစောမင်း၊ ဒေါ်အေးအေးထွေးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၀ ယောက်တို့၏အဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသင် (သုံးခွ)
အသက်(၉၀)

ရန်ကုန်မြို့၊ အမှတ် ၁၅၊ ကိုယ့်မင်းကိုယ့်ချင်းရိပ်သာ၊ ဗဟန်းမြို့နယ်နေ ဆရာကြီး ဦးစံမိုး၏ဇနီး၊ (ဆရာကြီး ဦးခို-ဒေါ်ငွေစိန်)တို့၏ညီမ၊ ဒေါ်စိန်စိန်ငွေး၊ ဒုတိယဗိုလ်မှူးကြီးမောင်နီ(ငြိမ်း)-ဒေါ်တင်တင်အေး၊ (ဦးမောင်လှိုင်)-ဒေါ်သန့်သန့်ဇင်၊ (ဦးမြင့်သိန်း)-ဒေါ်စိန်စိန်မြိုင်၊ (ဗိုလ်မှူးကြီးတင့်လွင်)-ဒေါ်အေးအေးသန်း၊ ဦးအုံကြည်-ဒေါ်တင်တင်ဝင်းတို့၏အဒေါ်၊ မြေး ၁၅ ယောက်တို့၏အဘွားလေးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃:၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးဝမ်းမောင်(ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာန)-ဒေါက်တာဒေါ်မေမာလာဆွေ (သားဖွား/မီးယပ် အထူးကုဆရာဝန်ကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်)တို့၏မိခင်ကြီး ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၁-၃-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေး ကလေးဆေးရုံကြီး၊ဝန်ထမ်းမိသားစု။

ဒေါ်မြင့်မြင့်ထွန်း (ပဲခူး)
အသက်(၆၃)နှစ်

(ရဲဝန်ထောက် ဦးထွန်း-ဒေါ်ခင်ညွန့်)တို့၏သမီး၊ ဦးကျော်(မီးသတ်ပြည်နယ်မှူး(ငြိမ်း) - ဒေါ်ကျင်ရီတို့၏ ချွေးမ၊ ဒေါက်တာမြင့်အောင်(မိုင်းမောမြို့နယ်ပြည်သူ့ဆေးရုံတာဝန်ခံ)၏ဇနီး၊ဒေါက်တာစိန်ထွန်းအောင်-(ဒေါ်သန်းသန်း)တို့၏ညီမ၊ ဦးရွှေ (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း စီမံကိန်းရုံး)-ဒေါ်ခင်မေပြုံး၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင်လှိုင်(ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် စည်ပင်သာယာရေး)-ဒေါ်သန်းသန်းဝင်း၊ (ဦးလှမြင့်-ဒေါ်ချိုချို)ဦးဝင်းမြင့်အောင်-ဒေါက်တာခင်ခင်ဝင်းတို့၏အစ်မ၊ ဦးသံလွင်-ဒေါ်သံလွင်ဦး(လဝကမှူး၊ပဲခူး)၊ ဦးဝင်းမြတ်ထွဋ်(ဒု/လဝကမှူး၊အထက်မင်းလှမြို့)-ဒေါ်ခင်မာကြည်၊ ကိုမြတ်ထိုက်-မမီမီဟန်၊ ဗိုလ်ကြီးသက်နိုင်(ငြိမ်း)-ဒေါ်ခင်သကြန်မြင့်တို့၏မိခင်၊မြေးလေးယောက်တို့၏အဘွားသည် ၃-၃-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ် ၄၂၁၊ လွန်ကျော်လမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်မှကားများ နံနက် ၁၁:၄၅ နာရီတွင်ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ကိုကျော်မင်း
B.A (Hist.)
အသက်(၃၅)နှစ်

တောင်ဥက္ကလာပမြို့နယ်၊ အမှတ် ၃၅၂/ခ၊ သုမင်္ဂလာလမ်း၊ (၉)ရပ်ကွက်နေ (ဦးသိန်းလှ)-ဒေါ်ခင်စန်းတို့သား၊ ဒေါ်သန်းကျင်၏တူ၊ ဒေါ်ညွန့်ညွန့်ရီ၊ ဦးအောင်ကျော်ဦး (ဌာနခွဲမှူး၊ မြို့တော်စည်ပင်/ဥတို)-ဒေါ်ကေသီလွင်(လ/ထ မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေး)၊ ဦးတိုးတိုး(ခေတ္တ-မလေးရှား)-ဒေါ်တင်တင်အေး၊ ကပ္ပတိန်ခင်ဇော်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်) - ဒေါ်မိုးသီတာကြည်၊ ဦးကြည်ငြိမ်း၊ (ဦးထင်အောင်)-ဒေါ်မြင့်မြင့်အောင်(လ/ထ မန်နေဂျာ၊ MEB-4)တို့၏ညီ/မောင်၊ ဦးထွန်းထွန်းအုန်း-ဒေါ်ညီညီ၊ မဝင့်ရည်ခိုင်တို့၏အစ်ကို၊ တူ တူမ ကိုးယောက်တို့၏ဦးလေးသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအိမိန်း (ကလေးဝမြို့)
အသက်(၇၇)နှစ်

ကလေးဝမြို့၊ အမှတ် ၃/၁၀၅၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ခင်ပွား (ပတ္တမြားလက်ဖက်ရည်ဆိုင်)၏ခင်ပွန်း၊ မင်းကိုချစ်၊ မင်းကိုနိုင်၊ မြင့်စိုးအောင်၊ မေသူစိုး၊ မှုမှုစိုး၊ ဖြိုးသဉ္ဇာတင့်၊ ရဲနိုင်တင့်၊ ရည်မွန်မျိုး၊ ဆုမွန်မျိုး၊ နေမျိုးထက်၊ မင်းသီရိဝင်း၊ ရန်နိုင်လင်း၊ မေမီမီလင်း၊ ရန်နောင်လင်း၊ ရန်နောင်ရှန်းတို့၏ အဘိုးသည် ၂၉-၂-၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၀၄ရက် ညနေ ၃ နာရီတွင် ကလေးဝမြို့သုသာန်၌ မီးသဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေးတစ်စု။

ဦးလှထွန်း (လှိုင်းဘွဲ)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဦးအောင်မင်းလမ်း၊ ခြံအမှတ် ၃၄၊ ခဝဲခြံ၊ အမှတ်(၂)ရပ်ကွက်နေ (ဦးကုလားကြီး-ဒေါ်တာပု)တို့၏သား၊ (ဦးဝိတ်ချွန်-ဒေါ်စွမ်းမာ)တို့၏ သားသမက်၊ ဒေါ်ချိုက်ဖွန်(ခ)ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ ဦးအောင်မင်းဦး - ဒေါ်ယဉ်ယဉ်အေး၊ ဦးအောင်မျိုးမင်း - ဒေါ်နွယ်နွယ်အေး၊ မောင်ယဉ်ထွန်းတို့၏ဖခင်၊ မောင်ထက်နောင်ထွန်း၊ မနှင်းဝင့်ဝါ၊ မောင်ဟိန်းကောင်းဇော်တို့၏ အဘိုးသည် ၄-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက်ပိုင်းတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညွန့်
(ဒု-လ/ထညွှန်ကြားရေးမှူး၊ကစလ) ကျောက္ကဆွာ၊တောင်သာမြို့နယ်
အသက်(၅၈)နှစ်

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၅)ရပ်ကွက်၊ ယုဇနလမ်း၊ အိမ်အမှတ် ၁၂၂ နေ (ဦးထွန်းပ-ဒေါ်အေးသာ)တို့၏ သမီး၊ ဦးညီပု၊ဒေါ်ဖွားစု၊ဒေါ်ခင်မာဦး၊ဒေါ်သန်းထွေးတို့၏ညီမ၊ တူ တူမ ၂၃ယောက်တို့၏ အဒေါ်သည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးခင်လှ (ငြိမ်း) (မုံရွာ)
အသက်(၇၈)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ရပ်၊ ကျွဲဆည်ကန် ၁၀လမ်း၊ အိမ်အမှတ် ဆ/၅၇နေ (ဦးဘသွင်-ဒေါ်တော်)တို့၏သား၊ (ဒေါ်မြမြသန်း)၏ခင်ပွန်း၊ ဦးကျော်မျိုးဝင်း(တိုင်းဦးစီးမှူး၊ မန္တလေးတိုင်း ငါးလုပ်ငန်း)-ဒေါ်ဥမ္မာလှ၊ ဦးဇော်မျိုးဝင်း (မိုးဇော်ရေခဲစက်၊ မန္တလေး)-ဒေါ်မိုးဝင့်အောင်၊ ဒုတိယဗိုလ်မှူးကြီးကောင်းမြတ်-ဒေါ်ခင်ခင်ထွေးတို့၏ဖခင်၊ မခိုင်ဇင်လင်းကျော်၊ မခင်ဆုဝေကျော်၊ မောင်ဖြိုးဇော်အောင်၊ မဆုဝေမာကျော်၊ မမြတ်စန္ဒီဇော်၊ မောင်ကောင်းကျော်မြတ်၊ မမေမျိုးသူကျော်၊ မလှမြတ်နိုးခင်တို့၏ဘိုးဘိုးကြီးသည် ၄-၃-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မန္တလေးဆေးရုံကြီး နှလုံးကုသဆောင်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် မန္တလေးဆေးရုံကြီးအအေးတိုက်မှ တောင်မြင့်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးငွေအောင် (သနပ်ပင်)
(တိုးတက်လင်းကုမ္ပဏီလီမိတက်)
အသက်(၄၈)နှစ်

ပဲခူးတိုင်း၊ သနပ်ပင်မြို့၊ အောင်ချမ်းသာ၊ ဘုရားကြီးပိုင်း(၁)လမ်းနေ (ဦးအာဖြန်-ဒေါ်ကျင်စွမ်)တို့၏သား၊ ဘိုကလေးမြို့၊ အောင်သပြေလမ်းနေ ဦးခင်ဝင်း-ဒေါ်နီတို့၏သားသမက်၊(ဦးစိုးလွင်)၊ (ဦးစိုးအောင်)တို့၏ညီ၊ ဦးငွေမြင့်၊ မခင်ထွေးမြင့်(အမက၊ တောင်ဘက်ကမ်း)၊ မထွေးပို၊ မောင်ခင်ကြွယ်တို့၏အစ်ကို၊ မအေးမိုးခိုင်(တိုးတက်လင်းကုမ္ပဏီလီမိတက်)၏ ခင်ပွန်းသည် ၄-၃-၂၀၀၄ရက် မွန်းလွဲ ၁:၅၀ နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးဟန် (ကော့ကပုံ၊မုဒုံ)
အသက်(၇၇)နှစ်

မွန်ပြည်နယ်၊မုဒုံမြို့နေ(ဦးရှိန်-ဒေါ်ချစ်မေ)တို့၏သားကြီး၊ရန်ကုန်တိုင်း၊မရမ်းကုန်းမြို့နယ်၊သမိုင်း(၂)ရပ်ကွက်၊အောင်မေတ္တာလမ်း၊အမှတ် ၈၀/က နေ ဒေါ်ရင်အေး၏ခင်ပွန်း၊ ဦးညွန့်ဖေ-ဒေါ်မြရွှေ၊ ဒေါ်မြငွေ၊ဦးသိန်းမြင့်-ဒေါ်စောမူတို့၏ဖခင်၊ မြေး၁၁ယောက်တို့၏အဘိုးသည် ၃-၃-၂၀၀ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် ညနေ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြမောင် (ဒိုက်ဦး)
ကုန်သွယ်/လယ်ယာ(ငြိမ်း)
အသက်(၇၇)နှစ်

သဃ်္ဃန်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ဝေဇယန္တာအိမ်ရာ၊ တိုက် ၁/၁၀၄ နေ (ဦးညို-ဒေါ်အေး)တို့၏သား၊ ဒေါ်အေးစု၏ခင်ပွန်း၊ ကိုဝင်းမြင့်-မအေးအေးသိန်း၊ ကိုကျော်ကျော်-မသန်းသန်းငွေးတို့၏ဖခင်၊ မစုထက်ထက်အောင်(ပနှစ်၊ ဆေး၀ါး)၊ မယမင်းရွှေရည်(ထ-၂၊ သဃ်္ဃန်းကျွန်း)တို့၏အဘိုးသည် ၄-၃-၂၀၀၄ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (ခရမ်း)
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၃၉၆၊ ပွဲရုံလမ်းနေ (ဦးတော်ငါး-ဒေါ်စိန်ဝင်း)တို့၏ သား၊ (ဦးဘစိန်)-ဒေါ်ကြတ်ဝါတို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦတင်အောင်)-ဒေါ်ရွှေရီ၊ ခရမ်းမြို့နေ ဦးဟုတ်လှိုင်-(ဒေါ်ဟုတ်ကျင်)၊ ဦးစိန်ခိုင်-ဒေါ်ဝင်းကြူ၊ ဦးကျော်တင့်-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ခင်မာရီ၊ ဦးဝင်းခိုင်-ဒေါ်မြမြဝင်းတို့၏ညီ/မောင်၊ဦးစိုးမြင့်-ဒေါ်ခင်အေးရီတို့၏အစ်ကို၊ ဒေါ်စန်းစန်းယု၏ခင်ပွန်း၊ မောင်ဖြိုးမင်းသူ (MC II First MB)၏ဖခင်သည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ခရမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးဇေယျာလွင်
(လဝက-၃၀၃၆)
လဝကမှူး(ရခိုင်ပြည်နယ်ရုံး)
အသက်(၄၃)နှစ်

အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်း၊ ခဝဲခြံ ၁ လမ်း၊ အမှတ် ၆၂၇ နေ ဦးစောဖရက်ရွှေ-ဒေါ်ရီမီတို့၏ သားသမက်၊ နန့်တင်တင်လှရွှေ (ဂျိနီ)၏ခင်ပွန်း၊ ဦးမြင့်ဖေ-နန့်တင်တင်မိုးရွှေ (ဥပဒေဌာန၊ အရှေ့ပိုင်းတက္ကသိုလ်) စောသန်းကျော်-မအေးရီ၊ နန့်ယမင်းပပထွန်းတို့၏အစ်ကို၊ မောင်ဆက်အာကာကျော်(V-A၊ ထ-၂၊မရမ်းကုန်း)၊ မောင်ဆက်ဝေယံလွင်၊ မဆုဝတ်ရည်လွင်တို့၏ဖခင်သည် ၄-၃-၂၀၀၄ရက်တွင်စစ်တွေမြို့၌ ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမ
ဒေါ်တင်ငွေးလှ
(ယုဝတီပင်းယငွေး)
အလက-၄၊ မင်္ဂလာဒုံ(ငြိမ်း)
အသက်(၇၀)

မန္တလေးမြို့(နယ်ပိုင်ဝန်ထောက်မင်း ဦးလှ-ဒေါ်တင်မမ)တို့၏တတိယသမီး၊ (ဗိုလ်မှူးသိမ်းဆွေ)၏ဇနီး၊ ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း) - (ဒေါ်တင်လေးလှ)၊ (ဦးခင်မောင်မင်း - ဒေါ်တင်ထွေးလှ)၊ (ဦးသပြေသိန်း-ဒေါ်တင်အေးလှ)တို့၏ညီမ၊ (ဦးခင်မောင်)-ဒေါ်တင်မွေးလှ၏အစ်မ၊ ဒေါက်တာကွန်းမော်-ဒေါ်တင်ဦးဝေ၊ ဦးတင်ကျော်ဝေ-ဒေါ်ချိုချိုမြာ၊ ဦးတင်မောင်မောင်နိုင် - ဒေါ်မာမာသီ၊ (ဦးရဲမင်း)-ဒေါ်တင်မာဝေ၊ ဦးမျိုးသက်ဆွေ-ဒေါ်တင်သီတာလှိုင်၊ ဦးအောင်မြင့်ထွန်း-ဒေါ်တင်သန္တာခိုင်၊ မတင်စန္ဒာသိန်းတို့၏အဒေါ်၊ တိုက် ၁၇၊ အခန်း ၃၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ ကံလမ်းနေ (ဗိုလ်ကြီးတင်သုခ)၊ ဦးတင်ဝဏ္ဏ(မြန္မာဆေးခန်း)တို့၏မိခင်၊ မြေး ၁၂ယောက်တို့၏ဘွားဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)နံနက် ၀၀:၁၅ နာရီတွင် မဟာမြိုင်ဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်မြင့်မြင့်ရီ (ကွမ်းခြံကုန်း)
ရုပ်ရှင်သရုပ်ဆောင်
ဒေါ်ငြိမ်းငြိမ်းမြင့်(ခ)ဒေါ်တဆုတ်
အသက်(၆၂)နှစ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွကျေးရွာနေ (ဦးသက်မောင်-ဒေါ်ပုမ)တို့၏သမီး၊ (ဦးစန်းမြင့်)- ဒေါ်မြင့်၊ ဦးမြင့်မြင့်တို့၏ညီမ၊ ဒေါ်မြင့်မြင့်ယဉ်၏အစ်မ၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် ၁၀၈၊ မြေကွက်အမှတ် ၁၈၅၀(က)နေ ရုပ်ရှင်သရုပ်ဆောင် ရွှေခြံသန်းမြင့်၏ ဇနီး၊ မသန်းသန်းမိုး(ခ)မသီသီအောင်၊ မောင်သော်ဇင်အောင် (ဆသရ၊ ဒဂုံတောင်)-မတင်ချောစု(ဆသရ၊ ဒဂုံတောင်)၊ မောင်တည်ကြည် (B.E; Mech, G.T.C၊ မော်ဘီ)တို့၏မိခင်၊ မောင်ရည်မင်းဟန်၊ မောင်ဟန်ထက်ရည်တို့၏ အဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၈:၀၅နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက်(စနေနေ့)ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းမော်(ခ)ကိုမော်ကြီး
(ခေတ်ဆန်းဝင်းဓာတ်ပုံတိုက်)
ချောက်မြို့
အသက်(၃၈)နှစ်

ချောက်မြို့၊ အမှတ်(၈)ရပ်ကွက်၊ ကွက်သစ်အနောက်၊ မင်းရဲကျော်စွာလမ်းနေ ဦးဝင်းနိုင်(ခေတ်ဆန်းဝင်း ဓာတ်ပုံတိုက်)-ဒေါ်ကြင်အေးတို့၏ သားငယ်၊ မချိုချိုဝင်း၊ မကြူကြူဝင်း၊ မအေးအေးဝင်းတို့၏မောင်၊ကိုမျိုးထွန်းဝင်း-မလတ်လတ်စု၊ကိုဝင်းဇော်တို့၏ညီ၊ကိုကိုမော်-မငွေးငွေးဝင်း၏အစ်ကို၊မောင်သော်သော်ဖြိုးဇင်၊ မောင်ကောင်းထက်နိုင်တို့၏ ဦးလေးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်ဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဌာန၌ ကွယ်လွန်သွားပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးမောင်သာဇံ (စစ်တွေ)
စက်ရှင်တရားသူကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူး(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
အသက်(၉၀)

စစ်တွေမြို့ (ဦးရွှေလုံး-ဒေါ်သန္တာဦး)တို့၏သား၊ (ဒေါ်ဝင်းစံဦး)၏ခင်ပွန်း၊ (ဦးကျော်ဇောဝေ)-ဒေါ်သန်းကြည်၊ ဒေါက်တာဦးအေးထွန်း-ဒေါ်စံနု၊ ဦးအေးသိန်း-ဒေါ်တင်နွဲ့၊ဦးအေးမောင်-(ဒေါ်တင်စိန်)၊ဦးအေးသောင်း၊ ဒေါ်ခင်ခင်ညွန့်၊ဒေါက်တာဇော်သန်း-ဒေါ်ခင်စောဝင်းတို့၏ဖခင်၊ မြေး ၂၀ ယောက်တို့၏အဘိုး၊ မြစ် ၁၉ယောက်တို့၏အဖိုးသည် ၄-၃-၂၀၀၄ရက် ညနေ ၄:၃၅ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဇေယျလမ်း၊အမှတ် ၁၅ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း။ (သဂြိုဟ်မည့်နေ့ရက်နှင့်အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းလွင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ကိုင်းတန်းလမ်း၊အမှတ်၈၃နေ ဒေါ်နွဲ့နွဲ့ရီ၏ခင်ပွန်း၊ ကိုသက်ဦး၊(ကိုစိန်ငွေး)-မဝေ၊ ကိုထွေးအောင်-မမြတ်မြတ်ခိုင်၊ကိုရင်ဝေ-မဆွေဆွေနှင်းအေး၊ကိုမျိုးဝင်း-မသီသီညွန့်လွင်တို့၏ဖခင်၊မြေးခုနစ်ယောက်တို့၏အဘိုးသည် ၄-၃-၂၀၀၄ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် U.H.C အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု။

ဦးကျော်စိုး (ကော့ကရိတ်)
အသက်(၆၅)နှစ်

ကော့ကရိတ်မြို့၊အမှတ် ၃၇၃၊ဗိုလ်ချုပ်လမ်းနေ ဒေါ်သက်ရှင်၏ ခင်ပွန်း၊ ဦးကျော်နိုင်ဦး၊ဒေါ်တင်စိုးသက်-ဦးကျော်မိုး၊ ဦးနေထွန်းအောင်-ဒေါ်ဇင်ဝင်းထိုက်၊ မနန်းခမ်းဖြူစိုးတို့၏ဖခင်၊ ကြည်မြမြတ်စိုးနှင့် ယဉ်ယဉ်ထိုက်တို့၏ အဘိုးသည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် (သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ခနိမ်းမှုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်ဝင်း (ကဝက္ကင်း)
(ယခင် ရွှေနဂါးငွေးငွေးလှိုင် ဆေးပေါ့လိပ်)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာလမ်း၊ အမှတ် ၃၇ နေ (ဦးဖုန်းမိ-ဒေါ်ကျင်ငွေ)တို့၏သား၊ (ဦးသောင်းစိန်)-ဒေါ်မြင့်မြင့်ရီတို့၏ညီ၊ဦးတင်မြင့်၊ ဒေါ်ငွေးငွေးလှိုင်၊ ကိုကျော်ထွန်း-မတင်တင်ခိုင်၊ မမြင့်မြင့်မော်(ယူနီဗာဆယ်ဘဏ်၊ ညောင်လေးပင်ဘဏ်ခွဲ)တို့၏ အစ်ကို၊ ကိုတော်ဝင်းသိန်း-မသန်းသန်းဝင်း၊ ကိုဇော်လွင်-မချိုချိုခိုင်၊ မအေးအေးလွင်၊ မောင်မင်းမင်းထွန်း၊ မသုဇာငြိမ်းတို့၏ဘကြီးသည် ၄-၃-၂၀၀၄ရက် ညနေ ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၃-၂၀၀၄ရက် (စနေနေ့)ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ခင်နွဲ့ (လက်ပံတန်း)
အသက်(၅၆)နှစ်

ပဲခူးတိုင်း၊ လက်ပံတန်းမြို့၊ ၂ လမ်းနေ (ဦးငြိမ်း-ဒေါ်သီလှ)တို့၏ သမီး၊ (ဦးဘကျော်-ဒေါ်ဖွားဉ)တို့၏ ချွေးမ၊ ဦးကျော်သန်း-ဒေါ်သိန်းနွဲ့တို့၏ ညီမ၊ ရန်ကုန်မြို့၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၇၆၆၊ နှင်းဆီဓာတ်ပုံတိုက်နေ ဦးအေးသန်း၏ဇနီး၊မနွယ်နွယ်လှိုင်၊ကိုစည်သူ-မမိုမိုအေး၊ မစုစုအေး၊ မဥမ္မာအေး၊ မောင်နေလင်းဦးတို့၏မိခင်သည် ၃-၃-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်သီ (အလယ်ရွာ)
အသက်(၈၈)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၁၂၅၆၊ ဦးဘချိုလမ်း၊ (၄၀)ရပ်ကွက်နေ (ဒေါ်မြတင်)၏ခင်ပွန်း၊ ဦးစံမောင်-ဒေါ်အေးသန်း၊ ဦးတင်ဝင်း-(ဒေါ်သောင်းရင်)၊ ဦးအေးကြိုင်-ဒေါ်အေးနွဲ့၊(ဦးသိန်းလှ)-ဒေါ်တင်အုန်းသိန်း၊ ဦးမြင့်လွင်-ဒေါ်ထားရီ၊ ဦးသိန်းငွေ-ဒေါ်ကျင်လှိုင်၊ ဦးရဲဆွေ-ဒေါ်မြတ်ထွေးရီ၊ မမျိုးသီနွယ်တို့၏ဖခင်၊မြေး ၂၆ယောက်၊ မြစ် ၁၉ ယောက်တို့၏ အဘိုးသည် ၃-၃-၂၀၀၄ရက် ညနေ ၆:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ခင်လှ
(ဝင်းဝင်းကျော် သယ်/ပို့)
အသက်(၈၇)နှစ်

ပဲခူးမြို့၊ ၁၈ လမ်း၊ အမှတ် ၃ နေ (ဦးရွှေချိန်)၏ဇနီး၊ ဦးစံမြင့်(ခ)ဦးကျော်ဆင့်၊ ဦးအောင်မြင့်-ဒေါ်ဝင်းသီတာခိုင်၊ မခင်မိမိ၊ ကိုအောင်သိုက်၊ မဒေစီချိန်း၊ မသီတာထွေး၊ ကိုမြင့်စိန်၊ ဒေါက်တာမြင့်ဆွေ(B.D.S, Ph.D)တို့၏မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့)တွင်ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့)တွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ
ဒေါ်ခင်ဆုံ (ပေါက်တန်း)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ဗဟိုလမ်း(ဇေယျဝတီလမ်း)၊အမှတ် ၃၂ နေ (ဦးမောင်ငွေ-ဒေါ်ညွန့်)တို့၏ သမီး၊ ဦးကျင်ဖေ၏ဇနီး၊ ဦးဝင်းမောင်မောင် (လ/ထအင်ဂျင်နီယာ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ခင်ဆွေသိန်း၊ ဦးမျိုးမြင့်(ကင်းကောင်)-ဒေါ်အေးအေးမွန် (အမက-၇၊ စမ်းချောင်း)တို့၏မိခင်၊ မဇာခြည်ဝင်းမောင်မောင်၊ မနေခြည်ဝင်းမောင်မောင်၊ မမြူခြည်ဝင်းမောင်မောင်၊ မောင်ရဲမွန်အောင်တို့၏ အဘွားသည် ၂-၃-၂၀၀၄ရက် နံနက် ၀၀:၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၀၄ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်မြစိန် (ပျဉ်းမနား)
အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးသောင်း-ဒေါ်ထွန်း)တို့၏သမီး၊ (ဦးမင်းဆိုင်-ဒေါ်ဖွားရင်)တို့၏ချွေးမ၊ အမှတ် ၅၊ စပါယ်လမ်း၊ ငွေကြာရံရိပ်သာ၊ ပါရမီနေ (ဗိုလ်မှူးကြီးမင်းဒင်၊ ငြိမ်း)၏ဇနီး၊ (ဦးလှမောင်-ဒေါ်သန်းသန်း)၊ (ဦးသန်းမောင်-ဒေါ်တင်ရွှေ)တို့၏ညီမ၊ ဦးမျိုးမင်း-ဒေါ်မြမြဝင်း (ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးနိုင်မင်း၊ ဦးစိုးမင်း-ဒေါ်အေးအေးမြင့်၊ ညောင်ရွှေမြို့နေ ဦးမောင်မောင်ရွှေ-ဒေါ်ချိုချိုမင်း (ရှမ်းမင်းသား သကြားစက်)တို့၏မိခင်၊ မြေးကိုးယောက်တို့၏ ဘွားဘွားသည် ၂-၃-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၅:၅၀ နာရီတွင် အာရှတော်ဝင် နှလုံးအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြဝင်း
(မြို့မကျောင်းသားဟောင်း)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ နံ့သာလမ်း၊ တိုက်အမှတ် ၃၃ နေ [ဦးတင်မောင်(ငသိုင်းချောင်း)-ဒေါ်ခင်နု]တို့၏ သား၊ ဒေါ်လှသောင်း၊ ဒေါ်စန်းမြင့်၊ ဦးငွေးဝင်းတို့၏အစ်ကို/ မောင်၊ တူ ခုနစ်ယောက်၊တူမ လေးယောက်တို့၏ဘကြီးသည် ၄-၃-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးညွန့်ဟန် (ဝါးခယ်မ)
အောင်ဆန်းစက်မှုပညာသင်ကျောင်း နည်းပြဆရာ(ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်တိုင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဘဏ်ရိပ်သာရပ်ကွက်၊ တိုက်အမှတ် ၈၊ အခန်း ၃ နေ(ဦးဘိုးရန်-ဒေါ်ဖွားညွန့်)တို့၏သား၊ ဒေါ်ရီရီ၏ခင်ပွန်း၊ ဦးဆန်နီ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်စန်းရင်၊ ဦးကျော်နီတို့၏ဖခင်၊ မောင်သူရဇော်၏ အဘိုးသည် ၁-၃-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်ရွှေတင်
(လမ်းမတော်၊ညောင်ပင်လေးဈေး)
အသက်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ မိကျောင်းခြံကျေးရွာနေ (ဦးကျော်ဝ-ဒေါ်အေးဆိုင်)တို့၏သမီး၊ (ဦးထွန်းတင်) လမ်းမတော်ညောင်ပင်လေးဈေး၏ဇနီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးညွန့်ခင်-(ဒေါ်အုံးမြင့်)၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ အောင်မင်းခေါင်လမ်း၊ အိမ်အမှတ် ၅၉၈/ကနေ ဦးလှမြင့် (M.T.W.C၊ လေဆိပ်)-ဒေါ်ခင်ငွေးတို့၏မိခင်၊ ကိုသန်းထက်-မအေးအေးမင်း၊ ကိုစန်းလွင်(မြို့နယ်မီးသတ်၊ လှိုင်သာယာ)-မမြတ်မြတ်ဦး၊ ကိုတင်အောင်ငွေး (YES Box) - မခင်လေးသူ၊ ကိုသန်းဇော်ဝင်း-မစန္ဒာမြင့်၊ ကိုစံရွှေမြင့်(ခ)ဖိုးစံ-မခိုင်ဇာဝင်း၊ ကိုဝင်းမိုး-မဥမ္မာညွန့်တို့၏အဘွား၊ မြစ် ၁၇ ယောက်တို့၏အဘွားသည် ၂၈-၂-၂၀၀၄ရက် (စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၅-၃-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအေးရွှေ
အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၈၈)ရပ်ကွက်၊ အမှတ် မ/၁၅၇နေ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ဦးမျိုးတင့်အောင်-ဒေါ်ဝါဝါ၊ မောင်မင်းဆွေ-မနွဲ့နွဲ့လှိုင်၊ မောင်သန်းမင်းထွေး၊ မဆွေဆွေဦးတို့၏ဖခင်၊ဝင့်ဝါမိုး၊မောင်ကောင်းခန့်လင်းတို့၏အဘိုးသည်၃-၃-၂၀၀၄ရက်ညနေ၆:၄၅ နာရီတွင်ကွယ်လွန်သွားပါဖြင့် ၅-၃-၂၀၀၄ရက်ညနေ၄နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဝင်း
(F/Welder) Eastwing
အသက်(၅၁)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ထင်းဝင်းရပ်နေ (ဦးစိန်ပေါ-ဒေါ်ညွန့်ရီ)တို့၏ သားသမက်၊ ချမ်းမြသာစည်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ င/၁/၁၄၀ နေ ဦးချစ်ဆောင်-ဒေါ်သောင်းကြည်တို့၏သား၊မောင်ဇင်ကိုဦး၊မယဉ်ဇာဝင်း၊ မောင်ကျော်ဇင်မင်း၊ မနွယ်နွယ်အေးတို့၏ဖခင်၊ ဒေါ်ချိုချို၏ ခင်ပွန်းသည် ၂၈-၂-၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းဦး (မိတ္ထီလာ)
(Oiler) CDC-7803
M.V Ythan
Eastwind Shipmanagement Pte. Ltd
အသက်(၄၈)နှစ်

မိတ္ထီလာမြို့နေ (ဦးလှမောင်)-ဒေါ်နှင်းရီတို့၏သားထွေး၊ ရန်ကုန်မြို့နေ (ဦးကျော်)-ဒေါ်အုံးခင်တို့၏ သားသမက်၊ ဒေါ်ခင်မေဝင်း၏ ခင်ပွန်း၊ မောင်မျိုးသူရဦး(ခ)ကိုကို (မိဘမေတ္တာစတိုး၊ ရဲသက်သာဆိုင်တန်း၊ မော်ကျွန်းမြို့)၊ မမေသဉ္ဇာဦး (Second Year; B.M)တို့၏ဖခင်သည် သင်္ဘောတွင်တာဝန်ထမ်းဆောင်စဉ် ၂၈-၂-၂၀၀၄ရက်တွင် ကိုလံဘီယာကမ်းလွန်ပြင်၌ မြန်မာစံတော်ချိန် ည ၁၀ နာရီခန့်တွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ဒေသဖွံ့ဖြိုးရေးနှင့်စီးပွားရေးတောင့်တင်းရေးဒေသခံပြည်သူများအလုပ်ကြိုးကြိုးစားစားလုပ်ရန်လို မရှိသည်ကိုမျှော်မှန်းစိတ်ကူးယဉ်နေသည်ထက်လက်တွေ့တည်ရှိနေသည်များကိုအခြေပြုကြိုးပမ်း နိုင်ငံတော်အတွက်ဂုဏ်ယူရမည့်သံလွင်တံတား(မော်လမြိုင်)အရည်အသွေးမီရန်အလေးထားတည်ဆောက်

ရန်ကုန် မတ် ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ကာကွယ်ရေး ဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်း၊ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်၊အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မတ်၂ရက်နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် *စာမျက်နှာ ၃ ကော်လံ ၁*

မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးခိုင်မာရေး အားလုံးညီညီညွတ်ညွတ်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြ

- ရေးမြို့နယ်သည် စိုက်ပျိုးရေးလုပ်ငန်းနှင့်ဥယျာဉ်ခြံလုပ်ငန်းကောင်းမွန်သည့်အပြင် သား၊ ငါးလုပ်ငန်းလည်းအလားအလာကောင်းသဖြင့် အခြေခံကောင်းရှိသောဒေသဖြစ်သည်။
- ဤအခြေအနေကောင်းပေါ်တွင် တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်အကြား လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်အောင် ထပ်ဆင့်ဆောင်ရွက်ပေးလိုက်သဖြင့် စီးပွားကုန်သွယ်မှုအရ၊ ဆက်သွယ်သွားလာမှုအရ ပိုမိုဖွံ့ဖြိုးစည်ပင်လာမည်။
- ဒေသအလိုက်လူ့အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းနိုင်ငံတော်ကလိုအပ်သော တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများကို ထူထောင်ပေးလျက်ရှိ။
- အလုပ်လုပ်ကြမှသာ ခနဉစ္စာ ဖြစ်ထွန်းမှာဖြစ်၍ အလုပ်ကိုလူတိုင်း ကြိုးကြိုးစားစားလုပ်ကြရန် တိုက်တွန်းပြောကြားနေရခြင်းဖြစ်။
- ရေးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးဖွံ့ဖြိုးခိုင်မာရေးတို့အတွက် အားလုံးညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြ။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
မွန်ပြည်နယ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်မှ–

သံလွင်တံတား (မော်လမြိုင်) ပြီးစီးမှုကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား သံလွင်တံတား(မော်လမြိုင်)ရှင်းလင်းဆောင်အနီး ရှုရပ်မှ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြစဉ်။
(အပေါ်ပုံ)(သတင်းစဉ်)

5-3 (20).p65 1 3/24/05, 1:10 PM